# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ခူးလပြည့်ကျော် (၅) ရက် ၊ တနင်္ဂနွေနေ့ ၊ (9-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၄၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ ဆင်သေချောင်းယာယီရေထိန်းဆည်လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆိုလာစနစ်သုံးရေတင်စနစ်ဆောင်ရွက်နေမှုများကြည့်ရှုစစ်ဆေးပြီး ဒေသခံစိုက်ပျိုးရေးတောင်သူများနှင့် တွေ့ဆုံ



**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ ဆင်သေချောင်း ယာယီရေထိန်းဆည်လုပ်ငန်း ဆောင်ရွက်နေမှုနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှားတောကျေးရွာ ဆိုလာစနစ်သုံးရေတင်စနစ်ဆောင်ရွက်ထားရှိမှုနှင့် စိုက်ပျိုးရေများ ဖြန့်ဝေပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**


**မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)**

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများ အသုံးပြု၍ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြား နှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)– ဖုန်း – ၀၉ ၆၉၁၂၃၁၆၃၉၊ ၀၉ ၆၆၉၂၅၉၉၅၄



ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၉ ရက်
အယ်ဒီတာ့အာဘော်

# အလုပ်ကို မွေ့လျော်စိတ်ဖြင့် ကြိုးစားအားထုတ်

လူအများစုသည် စားဝတ်နေရေးအတွက် ဝင်ငွေရမည့်အလုပ်တစ်ခုခုကို လုပ်ကြရမြဲဖြစ်သည်။ အလုပ်လုပ်ခြင်းသည် ဘဝကို အဓိပ္ပာယ်ရှိရှိ၊ အကျိုးရှိရှိဖြတ်သန်းရန်အတွက် မိမိအရည်အချင်းကို အသုံးပြုခွင့် အခွင့်အရေးတစ်ခုဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းဖြစ်စေ၊ ပြည်သူ့ဝန်ထမ်းဖြစ်စေ၊ အလုပ်လုပ်သူတစ်ယောက်အဖို့ မိမိလုပ်သောအလုပ်သည် သမ္မာအာဇီဝကျပြီး အများအတွက် အကျိုးရှိသော အလုပ်ဟု သိရှိရပါက ကျေနပ်စရာကောင်းလှသည်။ လစာရရုံတင်မကဘဲ မိမိအကျိုး၊ အများအကျိုး ရှိသောဆောင်ရွက်ချက်ဖြစ်ကြောင်း သိရှိလာလေလေ ပင်ပန်းသော်လည်း အလုပ်ကိုမွေ့လျော်စိတ်ဖြင့် အလုပ်အပေါ် ကျေနပ်ပီတိဖြစ်လာလေလေပင်ဖြစ်သည်။

အလုပ်လုပ်ရာတွင် အင်နှင့်အားနှင့် ရှေးရှုဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ "**မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ ကြိုးစားအားထုတ်၍ဆောင်ရွက်ပါက အောင်မြင်နိုင်မည်ဖြစ်သဖြင့် ကြိုးစားအားထုတ်လုပ်ဆောင်တတ်သည့် "အား"ကို မွေးမြူဆောင်ရွက်ကြရန်လိုကြောင်း၊**" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မတ် ၁၉ ရက်၌ မုံရွာတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားထားသည်။ ထို့ကြောင့် အလုပ်လုပ်ရာတွင် အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်ကြရန် အရေးကြီးသည်။ မိမိအလုပ်ကို အကောင်းဆုံးကြိုးစားအားထုတ်ဆောင်ရွက်ပါက မိမိ၏စွမ်းရည်များတိုးတက်လာမည်။ အများအလယ်တွင် အလုပ်လုပ်သူ၊ အလုပ်ကြိုးစားသူအဖြစ် အများကသတိထားမိလာသည်နှင့်အမျှ ပိုမိုကောင်းမွန်လေးနက်သည့်အလုပ်ကို ယုံကြည်စွာတာဝန်ပေးအပ်ခံရပြီး အခွင့်အရေးများနှင့် အကျိုးကျေးဇူးများပါ မလွဲမသွေရရှိလာမည်ဖြစ်သည်။

မည်သည့်လုပ်ငန်းတွင်မဆို အောင်မြင်သူတစ်ဦးဖြစ်ရန်အတွက် လေ့ကျင့်မှု၊ ဇွဲရှိမှု၊ စိတ်ရှည်မှုတို့ရှိရမည်ဖြစ်သည်။ ထင်ရှားလှသည့် ဓမ္မတေးတစ်ပုဒ်ဖြစ်သည့် ဇော်ဓိပင်နှင့် ရွှေပလ္လင်တေးသီချင်းထဲတွင် "ဘုရားမဖြစ်သမျှ ငါမထပြီ"ဆိုသည့် အဖွဲ့ကလေးအတိုင်း မဆုတ်မနစ်အခိုင်အမာ ဇွဲရှိရှိ အားထုတ်ကြိုးပမ်းဆောင်ရွက်ပါက လူတကာမရနိုင်သည့် အောင်မြင်မှုအထွတ်အထိပ်ကို မလွဲမသွေရရှိနိုင်မည်ဖြစ်သည်။

ထို့ကြောင့် အလုပ်သည် လူ့ဘဝတွင်အင်မတန်ကြီးမားသည့်ကိစ္စရပ်တစ်ခုဖြစ်ပြီး မိမိ၏ စိတ်ဓာတ်နှင့် အသိဉာဏ်ရင့်ကျက်မှုရှိရန်၊ ထက်၊ အောက်၊ ဝဲယာ လုပ်ဖော်ကိုင်ဖက်အားလုံးနှင့် ဆက်ဆံရေးအရည်အသွေးတိုးတက်စေရန်၊ ကိုယ်စိတ်နှစ်ပါး အပင်ပန်းခံနိုင်မှု၊ အနစ်နာခံနိုင်မှု၊ သည်းခံနိုင်မှု၊ အခက်အခဲပြဿနာများဖြေရှင်းနိုင်မှု၊ တာဝန်ယူတာဝန်ခံနိုင်မှု၊ စဉ်းစားဆင်ခြင်နိုင်မှု၊ လောကဓံတရားများကို ခံနိုင်ရည်ရှိမှု၊ မိမိကိုယ်မိမိနှင့် အများ၏ယုံကြည်မှု၊ လေးစားမှုအပြင် ခေါင်းဆောင်မှုစွမ်းရည်အသီးသီးတို့တိုးတက်လာအောင် လုပ်ငန်းခွင်လေ့ကျင့်ရေးကွင်းအဖြစ် အလုပ်ကို အသုံးချနိုင်ပါသည်။

သို့ဖြစ်ရာ အလုပ်ကို ဝင်ငွေရရှိရုံသက်သက် သဘောမထားဘဲ မိမိ၏အရည်အသွေးများ၊ စံနှုန်းများ မြင့်သည်ထက်မြင့်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရပါမည်။ ကောင်းသည်ထက်ကောင်းအောင် ကြိုးစားလုပ်ဆောင်သူသာလျှင် အကောင်းဆုံးဖြစ်မည်ဟူသည့်အတိုင်း လုပ်ငန်းခွင်အတွင်း ကျရာတာဝန်များကို အင်နှင့်အားနှင့် ပီပီပြင်ပြင်ကျေပွန်အောင် ကြိုးပမ်းထမ်းဆောင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး မေ ၈**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၆၀၆၀၆၁ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို နယ်စုံဒေသက ဘုရားဖူးတွေ အများအပြား လာရောက်ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေဟာ စောင်းတန်းကကော ကားလမ်းကပါ တက်ရောက်ဖူးမြော်ကြတာကို တွေ့ရပါတယ်။ ဘုရားဖူးဦးရေတိုးလာပြီး ရင်ပြင်တော်ပေါ်မှာ စည်ကားနေပါတယ်။ မြွေကြီးနှစ်ကောင်ဘက်ကိုလဲ သွားရောက်ကြပါတယ်။ တောင်ပေါ်ကနေ မန္တလေးမြို့ရဲ့ ရှုခင်းအလှအပကိုလဲ ဘုရားဖူးတွေကြည့်ကြတာကို တွေ့ရပါတယ်။ အမှတ်တရပစ္စည်း ရောင်းချတဲ့ ဆိုင်တွေမှာလဲ ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု မန္တလေး တောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၉၆၅ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၆၀၂၅၂၃ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူး ရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက် ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၅၇၃ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး မေ ၈**

မန္တလေး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် မုန်ညင်းဖြူများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

ရှမ်းပြည်နယ်ဘက်မှ ထွက်ရှိသည့် မုန်ညင်းဖြူများ လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ခြောက်ဘီးကား ငါးစီးမှ ခြောက်စီးထိပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ လက်ရှိတွင် မုန်ညင်းဖြူဈေးနှုန်းများမှာ ပိဿာချိန် ၂၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ထိ ဈေးရရှိပြီး အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"လက်ရှိမှာတော့ မုန်ညင်းဖြူက အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)နဲ့ (မြောက်ပိုင်း)ဒေသဘက်ကပဲ ဝင်ရောက်လာတာပါ။ တောင်သူတွေက စိုက်တဲ့သူနည်းပါး သွားပါတယ်။ ဈေးကိုတော့ ပုံမှန် တစ်ရက်ကို ကား ငါးစီး၊ ခြောက်စီး ဝင်ပါတယ်။ ကျန်တဲ့ဒေသတွေက ထွက်ရှိမှုမရှိသေးပါဘူး။ ဈေးကို ဝင်ရောက်လာတဲ့ ကုန်စိမ်းသီးနှံတွေဟာ အရောင်းအဝယ်ကောင်းနေပါတယ်။ ဒါကြောင့် စိုက်ပျိုးသူတွေ အနေနဲ့ အရောင်းအဝယ်ကောင်းလို့ အဆင်ပြေနေကြပါတယ်"ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အခြားကုန်စိမ်းသီးနှံများဖြစ်သည့် အာလူးသီး၊ သခွားသီး၊ ခရမ်းချဉ်သီး၊ ဂေါ်ဖီထုပ်၊ ငရုတ်သီး၊ ရွှေပဲသီး၊ ဂေါ်ရခါးသီး၊ ခရမ်းသီး၊ ဗိုလ်စားပဲနှင့် ပန်းမုန်လာတို့လည်း အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်တွင် ထောပတ်ပဲ အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၂၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး မေ ၈**

မန္တလေးဈေးကွက်တွင် ထောပတ်ပဲ အရောင်းအဝယ်ကောင်းပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၂၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေး ကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း ဧပြီလ ပထမပတ်ကစ၍ ထောပတ်ပဲကို ကုန်သည်များက ဝယ်ယူမှုများ ပြားလာကြောင်း၊ ထိုသို့ထောပတ်ပဲကို ကုန်သည်များက ဝယ်ယူမှုများလာပြီး အရောင်းအဝယ်ကောင်းလာခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးကောင်းရရှိနေကြောင်း သိရသည်။

"အခုလက်ရှိ ထောပတ်ပဲတွေ ဧပြီလ ပထမပတ်ကစပြီး မန္တလေးဈေးကွက်အတွင်း အဝယ်လိုက်လာပြီး ဈေးကောင်းပြန်ရလာတယ်။ တရုတ်နိုင်ငံဘက်ကကုန်သည်တွေလဲ ဝယ်ယူမှုတွေရှိတဲ့အပြင် ပြည်တွင်းမှာလဲ ဝယ်ယူတာကြောင့် ထောပတ်ပဲအရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်တွင် ဧပြီ ၁ ရက်က ထောပတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့တွင် ထောပတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၂၄၂၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ထောပတ်ပဲ အများဆုံးစိုက်ပျိုးတဲ့နေရာတွေကတော့ မန္တလေးတိုင်းဒေသကြီးမှာဆို တောင်သာမြို့နယ်နဲ့ နွားထိုးကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာဆို ရွှေဘိုမြို့နယ်နဲ့ ကလေးမြို့နယ်တို့ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီးမှာတော့ မင်းဘူးမြို့နယ်မှာ အများဆုံးစိုက်ပျိုးကြပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မဟာသင်္ကြန်ပွဲတော်ကာလ ဧပြီ ၁၄ ရက်မှ ၁၆ ရက်ထိ ရန်ကုန်မြို့ပတ်ရထားခရီးစဉ်များပြေးဆွဲမှု ယာယီရပ်နားထားမည်

**ရန်ကုန် ဧပြီ ၈**

မဟာသင်္ကြန်ပွဲတော်ကာလ ဧပြီ ၁၄ ရက်မှ ဧပြီ ၁၆ ရက်ထိ ရန်ကုန်မြို့ပတ်ရထားခရီးစဉ်များ ပြေးဆွဲမှု ယာယီရပ်နားထားမည်ဖြစ်ကြောင်း ရန်ကုန်ဘူတာကြီးမှ ရုံပိုင်ချုပ် ဦးသောင်းထိုက်က ပြောပြ၍ သိရသည်။

မဟာသင်္ကြန်ပွဲတော် သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ရန်ကုန်မြို့ပတ်ရထားခရီးစဉ်များ ပြေးဆွဲမှုများကို ယာယီရပ်နားထားခြင်းဖြစ်ကာ မဟာသင်္ကြန်ပွဲတော်ကာလ ပြီးပါက မြို့ပတ်ရထားခရီးစဉ်များကို ပုံမှန်အတိုင်းပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်ရုံးပိတ်ရက်ဖြစ်တဲ့ ဧပြီ ၁၄ ရက် သင်္ကြန်အကျနေ့ကနေ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ထိ ရန်ကုန်မြို့ပတ်ရထား ပြေးဆွဲမှုအားလုံးကို ယာယီရပ်နားသွားမှာဖြစ်ပါတယ်။ နှစ်ဆန်းတစ်ရက်နေ့ ဧပြီ ၁၇ ရက်ကစပြီး ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမှာပါ"ဟု ဦးသောင်းထိုက်က ပြောပြသည်။

ထို့ပြင် လက်ရှိပြေးဆွဲလျက်ရှိသည့် ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်၊ ရန်ကုန်-မော်လမြိုင်၊ သင်္ကြန်အထူးရထားခရီးစဉ်များ ပြေးဆွဲနေမှုများကိုလည်း ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှုအပေါ်မူတည်ပြီး ဧပြီ ၁၀ ရက်ထိ ထပ်မံတိုး၍ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရန်ကုန်မြို့ပတ်ရထားကို တစ်နေ့လျှင် ခရီးသည်ဦးရေ ၈၀၀၀၀ ခန့် စီးနင်းမှုရှိနေပြီး ရထားတစ်စင်းနှင့်တစ်စင်း ကွာခြားချိန်သည် ၁၅ မိနစ်မှ ၄၅ မိနစ်ခန့်ထိ ကွာခြားမှုရှိကာ မြို့တစ်ပတ်ပြေးဆွဲမှုကြာချိန်မှာ ၂ နာရီ မိနစ် ၅၀ ခန့်ကြာမြင့်ကြောင်း သိရသည်။

ဧပြီ ၁ ရက်မှ စတင်ကာ ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်၊ ရန်ကုန်-မော်လမြိုင်နှင့် ရန်ကုန်-ပုဂံ အမြန်ရထားခရီးစဉ်များတွင် ခရီးသည်လိုက်ပါစီးနင်းမှု များပြားနေကြောင်း ဦးသောင်းထိုက်က ပြောပြ၍ သိရသည်။

ASH

# ညောင်ရွှေမြို့နယ် စိတ္တကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ညောင်ရွှေ ဧပြီ ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စိတ္တကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီ ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများပြည့်စုံမှု ရှိ/မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စိတ္တကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး စုစုပေါင်းဦးရေ ၂၂၀ ကို စီမံကိန်းရန်ပုံငွေကျပ် ၅၆ ဒသမ ၈၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်နိုး(မလှိုင်)**

# စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၉၅၀၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကိုတွေ့ရစဉ်။

**ခင်ဦး ဧပြီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၉၅၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၉၁၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဖေဖော်ဝါရီလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်းဧက ၉၅၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်မှာ ဒီနှစ် နွေပဲတီစိမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာ ဧက ၉၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ပဲတီစိမ်းသီးနှံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲတီစိမ်း အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ ပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ပြီးခဲ့သည့်နှစ် နွေသီးနှံစိုက်ပျိုးရာသီက ခင်ဦးမြို့နယ်တွင် ပဲတီစိမ်းဧက ၁၀၀၀၀ စိုက်ပျိုးရန် လျာထားစိုက်ပျိုးခဲ့ရာ ပဲတီစိမ်း ၂၀၃၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဆောင်းသီးနှံစိုက်ပျိုးရာသီကလည်း ခင်ဦးမြို့နယ်တွင် ပဲတီစိမ်း ၅၈၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၁၂ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ပဲတီစိမ်း ၆၃၃၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ပုလောမြို့နယ် ဍူဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုလော ဧပြီ ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဍူဘုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ဧပြီ ၇ ရက် နံနက် ၉ နာရီ မိနစ် ၃၀ က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပုလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ခင်ပြည့်စုံဦးက ကျေးလက်နေပြည်သူများ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ ဆင်းရဲမှုလျှော့ကျစေရန်၊ စားနပ်ရိက္ခာဖူလုံစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ပြန်ဆပ်ရမည့်ကာလများကို ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက ဍူဘုတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၈၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို ငွေကျပ် ၂၃၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၁၁၅ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ်သိန်း ၂၀၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၆၁ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၈ ဦးကို ရန်ပုံငွေကျပ်သိန်း ၅၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# သံတွဲမြို့နယ် ကျက်သရေကျွန်းကျေးရွာ၌ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**သံတွဲ ဧပြီ ၈**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျက်သရေကျွန်းကျေးရွာ၌ ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကျက်သရေကျွန်းကျေးရွာ၌ ကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ကျက်သရေကျွန်းကျေးရွာ၌ လမ်းအရှည် ၁၂၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ်သန်း ၂၀၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၅ ဒသမ ၆ သန်း စုစုပေါင်းငွေကျပ် ၂၅ ဒသမ ၆ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးပြီး အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မတ်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါကျေးရွာတွင်း ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျက်သရေကျွန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



# အကောင်းစားအဟောင်း သို့မဟုတ် Kintsugi

မျိုးသူ (ကုန်သွယ်မြင့်)

ဂျပန်စကားလုံးများသည် အနုပညာ၊ စိတ်ပညာများနှင့်ပါ ယှဉ်တွဲနေတတ်သည်ကိုသတိထားမိသည်။ Kintsugi ဟူသောစကားလုံးတစ်လုံးကိုလည်း ကြိုက်မိသည့်အတွက် ရှာဖွေရေးသားမိခြင်းဖြစ်သည်။ Kintsugi ဟူသည်မှာ ကွဲသွားသောကြွေခွက်၊ ကြွေပန်းအိုးစသည်တို့ကို ရွှေကဲ့သို့သတ္တုအမှုန်များဖြင့် ပြန်ဆက်ပြီး အကောင်းအတိုင်းဖြစ်အောင် လှလှပပပြန်လုပ်ခြင်းဖြစ်သည်။ ပျက်စီးနေသော၊ ကွဲနေသောသဘော်များကို ပြုပြင်သည့်နည်းလမ်းလည်းဖြစ်သည်ဟု သိရသည်။ ကျိုးပဲ့သွားသောအစိတ်အပိုင်းများကို ပြုပြင်ရန်နှင့် အပြီးသတ်ကောင်းမွန်လှပစေရန် ရွှေမှုန်များဖျန်းပေးခြင်းဖြင့် ချုပ်ရိုးများ၊ ဆက်ကြောင်းများသည် ရုပ်ဆိုးမနေဘဲ ပုံစံအသစ်ဖြင့်လှပဆန်းကြယ်နေသည်ကို တွေ့နိုင်သည်။ Wabi-sabi ဆိုသောစကားဖြင့်လည်း ဆက်စပ်သည်ဟု သိရသည်။ ကမ္ဘာပေါ်ရှိ သဘာဝပစ္စည်းအားလုံး၏ မပြည့်စုံခြင်း၊ မတည်မြဲခြင်းနှင့် ရိုးရှင်းခြင်းဟူသောအလှတရားများကို ကိုယ်စားပြုသောစကားလုံးဟု နားလည်မိသည်။ Wabi-sabi စကားရပ်သည် ဇင်ဗုဒ္ဓဘာသာမှ ဆင်းသက်လာသော သဘာဝ၏အရှိကိုလက်ခံပြီး မတည်မြဲခြင်း၊ ရိုးသားခြင်း၊ မရှုပ်ထွေးခြင်းများကို အလှတရားဟု ခံယူထားခြင်းဖြစ်သည်။ ထိုစကားရပ်တွင် မတည်မြဲခြင်း၊ မပြည့်စုံခြင်းနှင့် ရိုးရှင်းခြင်းဟူသော အချက်သုံးချက်သည် သဘာဝက ဖန်ဆင်းသည့်အလှများဖြစ်သည်ဟု ဆိုထားသည်။

အလှတရားများကို ရှာဖွေရာတွင် လူတို့သည် အပြစ်မရှိခြင်း၊ ပြည့်စုံခြင်း၊ အကောင်းဆုံးဖြစ်ခြင်းများကိုသာ မျှော်လင့်ပြီး ရှာဖွေတတ်သည်။ အလားတူပင် စီးပွားရေးလုပ်ငန်းများတွင်လည်း အရင်းအနှီးအများအပြား၊ လူအင်အားတောင့်တောင့်တင်းတင်းပြည့်ပြည့်စုံစုံ၊ စီမံအုပ်ချုပ်မှုကောင်းကောင်းဖြင့် လုပ်ငန်းများကို တည်ဆောက်လိုကြသည်။ လုပ်ငန်းစတင်ခါစ လုပ်ငန်းရှင်များသည် အကောင်းဆုံးဖြစ်ချင်စိတ်၊ အမြတ်များများရလိုစိတ်များဖြင့် ဆောင်ရွက်တတ်လေ့ရှိကြသည်။ အိမ်ရာထူထောင်ခါစများတွင် ကြွယ်ဝချမ်းသာမှုများကို ချက်ချင်းရလိုကြသည်။

အိုးအိမ်ထူထောင်ခါစတွင် အိမ်ထောင်သည်ပေါင်းမည်မှုသည် ပြည့်စုံစွာဖြင့်စတင်နိုင်သည်ကို ကြည့်နိုင်သည်။ အကောင်းဆုံးအခြေအနေဆိုသည်ကို ရနိုင်သူသည် အလွန်နည်းပါးတတ်သည်။ အများစုသည် သုညမှ စတင်ရသည်က များပြားသည်။ စီးပွားရေးများကို လုပ်ကိုင်ကြရင်းဖြင့် ရှုံးတစ်ခါ မြတ်တစ်လှည့်ဖြင့်လည်း စီးပွားရေးလမ်းကို လျှောက်ကြရသည်ဖြစ်သည်။ လဲလျှင်ပြန်ထရန်လိုသည်။ မထလျှင်ရှုံးပြီး ပြန်ထူမတ်နိုင်၊ ထနိုင်လျှင် စီးပွားရေးဆက်လုပ်နိုင်သည်။ စီးပွားရေးတိုက်ပွဲကို ဆက်နိုင်သည်။ ဘဝတိုက်ပွဲတွင် မရှုံးသေးဟု ဆိုနိုင်သည်။ စီးပွားရေးလုပ်ငန်းများတွင်လည်း ကြွေပန်းအိုးကျကွဲသကဲ့သို့ တစ်စစီဖြစ်သွားရခြင်းမျိုးကို ကြုံရလေ့ရှိတတ်သည်။ ထိုအခါမျိုးတွင်လည်း ယခု Kintsugi ဟူသော ဂျပန်တို့နည်းလမ်းမျိုးကို ဆောင်ရွက်နိုင်ရန်လိုအပ်သည်။

အဟောင်းများမှ အကောင်းဆုံးဖြစ်အောင် ပြန်လုပ်နိုင်ရန်လိုသည်။ တစ်စစီဖြစ်သွားသောအကွဲအစများကို ရွှေဖြင့်ပြန်ဆက်ကာ လှပမှုပိုရှိအောင်၊ ပိုမိုခိုင်မာအောင် ပြန်လည်တည်ဆောက်ကြရမည်ဖြစ်သည်။ ကျွန်တော်တို့သည် အဟောင်းကို အသစ်အဖြစ်လည်းကောင်း၊ အပျက်ကို အကောင်းအဖြစ်လည်းကောင်း လိမ်လည်ရောင်းချမှုများဖြင့် နစ်ပါးသွားလိုကြသည်ကို စီးပွားရေးလုပ်ငန်းရှင်တချို့တွင် တွေ့နိုင်သည်။ ထိုသို့ဆောင်ရွက်မည့်အစား အပျက်ကိုကောင်းအောင်ပြုပြင်ပြီး အမှန်အတိုင်း ရိုးသားစွာရောင်းချရန်ဖြစ်စေ၊ အဟောင်းကို ပြန်လည်ပြင်ဆင်ပြီး ကောင်းသောအဟောင်း၊ သုံးရသောအဟောင်းပစ္စည်းအဖြစ်ဖြစ်စေ ရောင်းချခြင်းကို ပိုမိုလုပ်ကိုင်သင့်သည်။

ဆိုလိုသည်မှာ စီးပွားရှာရာတွင် ရိုးသားဖြောင့်မတ်စွာ စီးပွားရှာသင့်သည်။ မတရားသဖြင့် စီးပွားရှာခြင်းမျိုးကိုရှောင်သင့်သည်ဟု ပြောလိုရင်းဖြစ်သည်။ ခေါင်းဆောင်ကောင်းဖြစ်ရန်အတွက်လည်းကောင်း၊ စီးပွားရေးသမားကောင်းတစ်ဦးဖြစ်ရန်အတွက်လည်းကောင်းအလိုအပ်ဆုံးအရာနှစ်ခုမှာ Integrity ဟူသော ရိုးသားဖြောင့်မတ်ခြင်း၊ ပြည့်စုံမှန်ကန်ခြင်းနှင့် Authenticate ဟူသော စစ်မှန်ခြင်း၊ သစ္စာရှိခြင်း၊ မဖောက်မပြန်ခြင်းဟူသောနှစ်ခုဖြစ်သည်ဟု မှတ်သားခဲ့ရသည်။ ထို့ကြောင့် စီးပွားရေးလုပ်ရင်း အမြန်ဆုံးချမ်းသာရန် ဖြတ်လမ်းများကိုလိုက်ခြင်းအစား မှန်ကန်ခြင်း၊ စစ်မှန်ခြင်း၊ သစ္စာရှိခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ပြည့်စုံခြင်းဟူသောအချက်များကို အလေးထားလိုက်နာဆောင်ရွက်ရန်လိုအပ်သည်။

## ကွဲလျှင်လည်းပြန်ဆက်ပါ

Kintsugi ဆိုသောအချက်ကိုမူ လုပ်ရင်းကိုင်ရင်း ပျက်စီးခြင်းများ၊ အရှုံးနှင့်ရင်ဆိုင်ရသည်များကြုံလာရသည့်အခါ သုံးနိုင်ရန်လိုအပ်သည်။ စီးပွားရေးလုပ်ငန်းတစ်ခုသည် အောင်မြင်မှုကိုချက်ချင်းရယူနိုင်ကြသည်မဟုတ်ဘဲ အနိမ့်အမြင့်များကြုံရတတ်သည်။ ရင်းနှီးရောင်းဝယ်ရာတွင်လည်း အရှုံးများနှင့် ကြုံရတတ်သည်။ ဈေးကြီးမိနေသည့်ပစ္စည်းများလည်းရှိတတ်ကြသည်။ ထိုအခါများတွင် အရှုံးကိုကျော်လွှားရန် မမှန်ကန်သောနည်းလမ်းများကို စဉ်းစားတတ်ကြသည်။ ထိုသို့လုပ်မည့်အစား အရှုံးကိုလက်ခံလိုက်ပြီး ပိုကောင်းအောင်ပြုပြင်ခြင်းပင်ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများသည် ငွေတန်ဖိုးကျဆင်းချိန်တွင် လုပ်ကိုင်ရခက်ခဲတတ်သည်။ အမြတ်များရနေသည်ဟုထင်ရသော်လည်း ပြန်ဝယ်ရသည့်အခါ ရခဲ့သည့်အမြတ်ထက်ပင် ပေးရသည့်ဈေးက များနေတတ်ပြန်သည်။ ထိုအခါတွင် အရည်အသွေးလျှော့မည်လား၊ အလေးချိန်လျှော့မည်လားဆိုသည်ကို ဦးစွာစဉ်းစားတတ်သည်။ ရောင်းဈေးကို တိုးရန်ခက်သည့်အတွက် ဤသို့စဉ်းစားကြခြင်းဖြစ်သည်။ အခြားနည်းရှိပါသလားဟုဆိုလျှင် ယခု Kintsugi နည်းကို သုံးသင့်သည်ဟုထင်သည်။ အရှုံးကိုလက်ခံလိုက်ပြီး ပိုမိုကောင်းမွန်သည့်ပစ္စည်းဖြင့် အရှုံးမရှိအောင် ဆောင်ရွက်သင့်သည်။ လူသားအရင်းအမြစ်များအတွက်လည်း ကျရှုံးမှုများကြုံခဲ့ရသူကို ပြန်လည်ထူထောင်နိုင်အောင် လုပ်ရမည်ဖြစ်သည်။ ပစ်ပယ်ထားခြင်းအစား ပြန်လည်ပြုပြင်ပေးနိုင်ရမည်၊ ပိုမိုလှပကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်သည်။ စိတ်ဓာတ်ကောင်းရန်လိုအပ်သည်။ ပြင်ဆင်လိုစိတ်ရှိရန်လိုအပ်သည်။ အဆိုးများကြားမှ ကောင်းအောင်ပြင်ဆင်နိုင်ရန်လိုအပ်သည်။

ယနေ့ခေတ်တွင် ကွဲနေသော ကြွေပန်းကန်လုံးတစ်ခုကို လွှင့်ပစ်လိုက်ပြီး အသစ်တစ်ခုကို ဝယ်ယူသုံးစွဲရန်မှာလွယ်ကူသည်။ သို့သော်လည်း အဆိုပါပန်းကန်လုံး၏ သုံးစွဲခဲ့သည့်တန်ဖိုးများ၊ သက်တမ်းများကိုထောက်ရှုပြီး အကောင်းအတိုင်းပြုပြင်ပြီးသုံးစွဲနိုင်သည်ဟူသော တန်ဖိုးမပျက်အောင်ပြုလုပ်ခြင်းသည် အလွန်ကောင်းမွန်သော အလှဖန်တီးမှုဖြစ်သည်ဟု ဆိုနိုင်သည်။ လူသားများတွင်လည်းကောင်း၊ လုပ်ငန်းတစ်ခုတွင်လည်းကောင်း ပျက်စီးသွား၊ ကွဲသွားသော်လည်း ပြန်လည်ပြုပြင်ခြင်း၊ ဖန်တီးခြင်း၊ ပြန်လည်ထူမတ်ခြင်းများဖြင့် နိုင်ငံအကျိုး၊ အဖွဲ့အစည်းအကျိုးကို ထပ်မံထမ်းဆောင်နိုင်လျှင် တန်ဖိုးမပျက်အောင် ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

**❖ စီးပွားရေးလုပ်ငန်းတစ်ခုတွင်လည်း ကွဲပျက်သွားသည့်အခါ ပြန်လည်ဆက်စပ်ဆောင်ရွက်နိုင်သော်လည်း နာမည်ပျက်လျှင်လည်းကောင်း၊ အရှုံးများကိုပြင်ဆင်ရာတွင်လည်းကောင်း ပိုမိုအရုပ်ဆိုးအကျည်းတန်အောင်မဖြစ်စေဘဲ Kintsugi ကဲ့သို့ လှပသောအရာတစ်ခုပမာ ဖြစ်စေရန် အားထုတ်ရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများတွင် အရှုံးကို ကြုံတွေ့ရသည့်အခါ အရှုံးကိုမြတ်အောင်ဆောင်ရွက်ရာတွင် ပြန်လည်လုပ်ကိုင်သောအလုပ်သည် အကွဲဆက်သကဲ့သို့ရုပ်မဆိုးစေဘဲ Kintsugi ကဲ့သို့ လှပသောဆက်ကြောင်းများဖြစ်နေရေး သတိပြုရမည်ဖြစ်သည်။ ❖**

## Zero to Hero

မကြာခဏပြောဖြစ်ကြသည်မှာ ဘောလုံးပွဲများတွင် ကြုံလေ့ရှိသည့် ဘောလုံးသမားများ၏ ဂိုးသွင်းနိုင်မှု၊ ဂိုးမသွင်းနိုင်မှု၊ ပင်နယ်တီမဝင်မှု၊ ဘောလုံးဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်သွင်းမိမှု စသည့်အကောင်းမှအဆိုး၊ အဆိုးမှအကောင်းပြောင်းလဲမှုများကို Zero to Hero. သို့မဟုတ် Hero to Zero. စသည်ဖြင့် ပြောတတ်ကြသည်။ လူတိုင်းသည် Hero to Zero. မဖြစ်လိုကြဘဲ Zero to Hero. သာလျှင်ဖြစ်လိုကြသည်။ သို့သော်လည်း ဘဝတွင် Hero to Zero. ကို ကြုံလေ့ရှိသည်။ သို့ရာတွင် အဆိုပါ Zero မှနေ၍ Hero ဖြစ်လာရန်မှာမူ ခက်ခဲနေတတ်သည်။ လူမှုရေးနယ်ပယ်တွင်ဖြစ်စေ၊ စီးပွားရေးနယ်ပယ်တွင်ဖြစ်စေ Hero to Zero ဖြစ်သွားပြီဆိုလျှင် အမြင့်သို့ပြန်တက်ရန် သို့မဟုတ် အောင်မြင်သောစီးပွားရေးလုပ်ငန်းတစ်ခုပြန်ဖြစ်လာရန်ခက်ခဲနေတတ်သည်။ အချို့ပုဂ္ဂိုလ်များတွင် တစ်သက်လုံး ပြန်လည်၍ Hero မဖြစ်လာသည်ကို တွေ့နေရသည်။ ထို့ကြောင့် Hero to Zero ဖြစ်ပြီဆိုလျှင် ယခု Kintsugi ကို သတိရရန်လိုအပ်သည်။ Kintsugi တွင် ကွဲသွားသောကြွေပန်းကန်လုံးတစ်ခုတွင် အကွဲများကိုပြန်လည်ဆက်ပြီး ကြွေပန်းကန်လုံးပြန်ဖြစ်လာသော်လည်း ကွဲကြောင်းများမှာ ပေါ်လွင်ပြီး ရုပ်ဆိုးနေသည်၊ မလှမပဖြစ်နေသည်ကို ရွှေကဲ့သို့သတ္တုမှုန်များဖြင့်မွမ်းမံပြီး အကွဲအဆက်ကြောင်းများကို လှပသည့်ပန်းချီလက်ရာတစ်ခုကဲ့သို့ဖြစ်အောင် ဆောင်ရွက်နိုင်သည်က ပညာဖြစ်သည်ဟုဆိုချင်သည်။

စီးပွားရေးလုပ်ငန်းတစ်ခုတွင်လည်း ကွဲပျက်သွားသည့်အခါ ပြန်လည်ဆက်စပ်ဆောင်ရွက်နိုင်သော်လည်း နာမည်ပျက်လျှင်လည်းကောင်း၊ အရှုံးများကို ပြင်ဆင်ရာတွင်လည်းကောင်း ပိုမိုအရုပ်ဆိုးအကျည်းတန်အောင်မဖြစ်စေဘဲ Kintsugi ကဲ့သို့ လှပသောအရာတစ်ခုပမာဖြစ်စေရန် အားထုတ်ရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများတွင် အရှုံးကိုကြုံတွေ့ရသည့်အခါ အရှုံးကိုမြတ်အောင်ဆောင်ရွက်ရာတွင် ပြန်လည်လုပ်ကိုင်သောအလုပ်သည် အကွဲဆက်သကဲ့သို့ရုပ်မဆိုးစေဘဲ Kintsugi ကဲ့သို့ လှပသောဆက်ကြောင်းများဖြစ်နေရေး သတိပြုရမည်ဖြစ်သည်။ ထို့ကြောင့် Zero to Hero ဖြစ်ရန်မှာခက်ခဲသည်ဆိုသော်လည်း မူလလမ်းကြောင်းတစ်ခုရှိပြီးဖြစ်သဖြင့် ပြန်လည်တည်ဆောက်နိုင်ရမည်ဟူသောစိတ်ဓာတ်ဖြင့် ဆောင်ရွက်ရန်မှာ အဓိကကျသည်ဟု ဆိုချင်သည်။

ပြိုင်ဆိုင်မှုများပြင်းထန်သော ယနေ့ခေတ်တွင် မည်သူမျှ အမြဲအနိုင်ရနေမည်မဟုတ်ပါ။ ပျက်စီးခြင်း၊ ရှုံးနိမ့်ခြင်းများကို တစ်ကြိမ်မဟုတ်တစ်ကြိမ် ကြုံဆုံကြရမည်သာဖြစ်သည်။ ထိုအခါတွင် ယခု Kintsugi နည်းလမ်းကို အမှတ်ရစေလိုသည်။ ကွဲသွားသောပန်းကန်လုံး၊ ပန်းကန်ပြားများမှအကွဲစများကို ပြန်ဆက်ပြီး အကွဲအဆက်နေရာကို ရွှေမှုန်ဖြင့်လှပအောင် တန်ဆာဆင်သကဲ့သို့ မိမိဘဝ၏ရှုံးနိမ့်မှု၊ အခက်အခဲများကို ပြန်လည်ဖာထေးပြီး ပိုမိုလှပအောင်ဆောင်ရွက်နိုင်သည်ဟု မှတ်ယူစေလိုသည်။ Kintsugi ဖြင့် စိတ်ခွန်အားများကို ရရှိစေသည်။ အားမာန်တစ်ခုကိုလည်း ရစေသည်။ ရွှေရောင်လွှမ်းသောပြင်ဆင်မှုဟုလည်းခေါ်တတ်သည့် Kintsugi သည် မပြည့်စုံမှု၊ ပျက်စီးမှုများကို ပိုမိုခိုင်မာအောင်၊ ပိုမိုလှပအောင် ဆောင်ရွက်ပေးသည့်အတွေးအခေါ်ကို ရရှိစေသည်။ ယခု နှစ်ပေါင်း ၄၀၀ ကျော်ကြာမြင့်ပြီဖြစ်သည့် ဂျပန် Kintsugi နည်းလမ်း၏ မူလဇာစ်မြစ်သည် ဗုဒ္ဓ၏ အနိစ္စ၊ ဒုက္ခနှင့် အနတ္တဟူသော လက္ခဏာရေးသုံးပါးမှစလာသည်ဟု ဆိုသည်။

ကိုယ့်ကိုယ်ကိုယ်မပိုင်ခြင်း၊ ဖြစ်ချင်တိုင်းမဖြစ်ခြင်း၊ ပျက်စီးခြင်း၊ နာကျင်ခံစားရခြင်းနှင့် မတည်မြဲခြင်းဆိုသည့်အချက်များကို လူသားတိုင်းကြုံဆုံရမည်ဖြစ်သည်။ ထိုသို့ ဘဝတွင် ကြုံဆုံလာသည့်အခါ အဆိုပါတရားများကို လက်ခံရမည်ဖြစ်သော်လည်း ဘဝတွင် အပျက်ကိုအပျက်အတိုင်း ထိုင်ကြည့်နေရုံဖြင့်မပြီးနိုင်ပေ။ မပြီးသဖြင့် ကောင်းလာအောင်ပြင်ဆင်ရမည်။ ပြင်ထားသောနေရာအကွဲဆက်ကြောင်းကို ပိုလှအောင်၊ ပိုခိုင်အောင်၊ ပိုကောင်းအောင်လည်း လုပ်နိုင်ရမည်။ တန်ဖိုးအားဖြင့်လည်း မူလတန်ဖိုးထက် ပိုကောင်း၊ ပိုသာရမည်ဟူသောခံယူချက်များဖြင့် လုပ်ဆောင်ရမည်သာဖြစ်သည်။

Zero to Hero ဟူသောရုပ်ရှင်ကို ကြည့်ဖူးကြမည်ထင်သည်။ ဟောင်ကောင်မှ ကိုယ်လက်မသန်စွမ်းသောလူငယ် So Wa Wai ၏ ဘဝဇာတ်လမ်းကို ရိုက်ကူးထားသော ဖြစ်ရပ်မှန်ရုပ်ရှင်ဖြစ်သည်။ မသန်စွမ်းအားကစားတွင် ထူးချွန်ပြောင်မြောက်စွာဖြင့် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များစွာကို ရရှိခဲ့သူတစ်ဦး၏ ကြိုးစားအားထုတ်မှုများဖြစ်သည်။ မိခင်၏အကူအညီဖြင့် ပြေးခုန်ပစ်ကစားနိုင်သည်ထိ ကြိုးစားခဲ့ရသည့်အကြောင်းကို ရိုက်ကူးထားသည့် ဇာတ်လမ်းရုပ်ရှင်ဖြစ်သည်။ အားမာန်များကိုရရှိစေပြီး အထက်တွင် ဖော်ပြခဲ့သည့် Kintsugi ကို အမှတ်ရစေသည်။ လူငယ်များအနေဖြင့် ဖြတ်သန်းရမည့်ဘဝတွင် အခက်အခဲများ၊ ရှုံးနိမ့်မှုများကို ကြုံတွေ့လာရမည်သာဖြစ်သည်။ ကြုံတွေ့လာရသည့်အခါများတွင် ပြန်မထဘဲမနေရန်နှင့် ပြန်ထပြီး ပိုကောင်းအောင် လုပ်ပြရန်လိုသည်။ ဘဝတွင်ကြုံတွေ့ရမည့် ဒဏ်ရာများသည် အချိန်ကြာလာလျှင် အမာရွတ်အဖြစ်သာ ကျန်ရှိမည်ဖြစ်သည်။

လူ့ဘဝတွင် ကြုံတွေ့ရမည့်ဒဏ်ရာများ ပျောက်ကင်းသည့်အခါတွင် ကျန်ရှိသောဒဏ်ရာများကို သင်ခန်းစာအဖြစ်ရယူပြီး ပိုကောင်းအောင်ဆောင်ရွက်နိုင်မည်ဆိုလျှင် အကောင်းစားအဟောင်းဖြစ်စေသည့် Kintsugi ဖြစ်လာနိုင်သည်။ Kintsugi သည် လူတိုင်းဖြစ်နိုင်သည်။ အရှုံးမှ အကောင်းဆုံးကို ပြန်တက်လှမ်းနိုင်ကြောင်း ရေးသားလိုက်ရပေသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၁၀၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် ဇွန် ၈**

မြန်မာ-တရုတ်နယ်စပ် ရှမ်းပြည်နယ်ရှိ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၁၀၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုမူဝါဒဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလန်းဆန်းဦးက ပြောပြ၍ သိရသည်။

ထိုသို့ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ချင်းရွှေဟော်နယ်စပ် ကုန်သွယ်ရေးစခန်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တစ်နှစ်အတွင်း တရုတ်နိုင်ငံသို့ပို့ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၆၉ ဒသမ ၉၃၈ သန်း၊ တရုတ်နိုင်ငံမှ သွင်းကုန်တင်သွင်းမှုမှ အမေရိကန်ဒေါ်လာ ၁၅၃ ဒသမ ၁၆၉ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၁၀၇ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

"ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းအနေနဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အကုန်ကာလဖြစ်တဲ့ မတ်လကုန်ထိ တရုတ်နိုင်ငံနဲ့ ကုန်သွယ်မှုဆောင်ရွက်နိုင်တဲ့ အနေအထားကတော့ အမေရိကန်ဒေါ်လာ ၃၂၃ ဒသမ ၁၀၇ သန်းဖိုး ဖြစ်ပါတယ်။ အဲဒီကာလအတွင်းမှာ ပို့ကုန်အနေနဲ့ လယ်ယာထွက်ကုန်ပစ္စည်း၊ သတ္တုနဲ့တွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းတွေတင်ပို့နိုင်ပါတယ်။ ပို့ကုန်တင်ပို့နိုင်မှုကတော့ တန်ချိန် ၄၉၀၀၀၀ ကျော် ဖြစ်ပါတယ်"ဟု ကုန်သွယ်မှုမူဝါဒဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလန်းဆန်းဦးက ပြောပြသည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများကို မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်း၊ ကျိုင်းတုံနယ်စပ်ကုန်သွယ်ရေးစခန်း၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းစသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်နှင့် ဆန်ကွဲအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် အခြားစားသောက်ကုန်ပစ္စည်းများကို တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံဘက်မှ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ အသင့်စားသောက်ကုန်များနှင့် ဆေးဝါးများ ပြန်လည်တင်သွင်းလျက်ရှိကြောင်း သိရသည်။

ASH



# ချောက်မြို့နယ် သံဘိုကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**ချောက် ဇွန် ၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ အိမ်တိုင်ရာရောက်ရယူသုံးစွဲနိုင်ရေးအတွက် ချောက်မြို့နယ် ဝသဲစမ်းကျေးရွာအုပ်စု သံဘိုကျေးရွာ၌ အိမ်တိုင်ရာရောက်ရေမီတာသုံး ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇွန် ၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် ဝန်ထမ်းများက သံဘိုကျေးရွာ သောက်သုံးရေရရှိရေးကော်မတီဝင်များနှင့်အတူ အိမ်တိုင်ရာရောက် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသောက်သုံးရေ ရရှိရေးကော်မတီဝင်များကို သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ချောက်မြို့နယ် ဝသဲစမ်းကျေးရွာအုပ်စု သံဘိုကျေးရွာ၌ အရှည် ၁၄၉၁၅ ပေ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးမှု၊ ယူနီဆက်က လိုအပ်သောပိုက်များ ပံ့ပိုးပေးမှု၊ ကျေးရွာမှ လုပ်အား ပူးပေါင်းပါဝင်မှုဖြင့် ယခုနှစ် မတ်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၅၃ အိမ်မှ လူဦးရေ ၈၅၀ ၏ လူနေမှုအဆင့်အတန်း မြင့်မားလာမည့်အပြင် အိမ်တိုင်ရာရောက် သန့်ရှင်းသောသောက်သုံးရေ အလွယ်တကူရရှိမည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**အထွေး**

# တန်ခူးလနဲ့ အတာသဘင်ပွဲ

- ရွှက်ခြောက်ကြွေ နွေရင်နန်းမှာလ
ပန်းပိတောက်တွေ ရွှေရည်လျှမ်းပါလို့
ဝေစည်လွှမ်း ဖူးပွင့်လှိုင်။

- သီချင်းသည် ရွှေဥဩရယ်က
နွေသရုပ်သဘော နှုတ်ခွန်းပြောပြန်တော့
သုတ်လေနှော သည်ရာသီမို့
ပြည့်ဌာနီ အခါဆန်းမှာဖြင့်
ပန်းပွင့်တို့ကြိုင်။

- ရက်သင်္ကြန်ခါ ဆက်ရန်မြဲလေတဲ့
ထက်နဘံမှာ လက်ကျန်ပုလဲတွေက
ဆုခြွေကြဲ တာသင်္ကြန်မိုးနှယ်
ရွာပြန်အငြိုးနဲ့ အပြိုင်အဆိုင်
နွှဲနိုင်ပါ့ ရေသဘင်ပွဲ။

- အိုးစည် ဗိုးပတ်သံမှာ
မညီးပြီး တိုးလျက်ညံကာ
တို့ရှိုးရာ အလှူပွဲမှာတော့
တဝဲ့ကာ မောင်မယ်တွေ
နှောင်ဝယ်လေ အမွေကောင်းအောင်ဖြင့်
အဆွေအပေါင်းတွေ တောင်းဆုခြွေလှစ်လို့
ကောင်းမှုအမွေသစ် အလီလီနဲ့
ရေကြည်ကြည် ကိုယ်စီဖျန်းကာပ
ကွယ်. . .
လန်းရွှင်လို့နွှဲ။ ။

**ကိုကျော်စွာ(ကျိုက်ဖိ)**

# ဖြူးမြို့နယ် ကြူအင်း(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖြူး ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန်ရည်ရွယ်၍ ကြူအင်း(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့်ဝန်ထမ်းများက ကြူအင်း(အရှေ့)ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါအသင်းသား၊ အသင်းသူများ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ရပိုင်ခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မင်းညွန့်က စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ ခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၅၆ ဒသမ ၁၂ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြူအင်း(အရှေ့)ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၄ ဦးကို ငွေကျပ် ၅၆ ဒသမ ၁၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

## နိုင်ငံတကာ သတင်းများ

# အကြမ်းဖက်မှု၊ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုများအတွက် ပြစ်ဒဏ်များပြင်ဆင်မှုဥပဒေကြမ်း ရုရှားအမတ်များအဆိုပြုတင်သွင်း



**မော်စကို ဧပြီ ၈**

အကြမ်းဖက်မှု၊ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုနှင့် အဖျက်အမှောင့်လုပ်ရပ် ကျူးလွန်မှုများအတွက် ပြစ်ဒဏ်ကာလထပ်မံမြှင့်တင်ထားသော ဥပဒေကြမ်းတစ်ရပ်ကို ရုရှားလွှတ်တော်အမတ်များက ယနေ့တွင်အဆိုပြုတင်သွင်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှားနိုင်ငံ၏ လက်ရှိဥပဒေများအရ အကြမ်းဖက်မှုနှင့် အဖျက်အမှောင့်လုပ်ရပ် ကျူးလွန်မှုများအတွက် အမြင့်ဆုံးပြစ်ဒဏ်မှာ ၁၅ နှစ်ဖြစ်ပြီး နိုင်ငံတော်သစ္စာဖောက်မှုအတွက် အမြင့်ဆုံးပြစ်ဒဏ်မှ ထောင်ဒဏ်နှစ် ၂၀ ဖြစ်သည်။

သို့သော် ရုရှားလွှတ်တော်အမတ်များ ဧပြီ ၇ ရက်တွင် တင်သွင်းထားသောဥပဒေကြမ်း၌ အကြမ်းဖက်မှုနှင့် အဖျက်အမှောင့်လုပ်ရပ်များအတွက် အမြင့်ဆုံးပြစ်ဒဏ်ကို ထောင်ဒဏ်နှစ် ၂၀ ထိ တိုးရန် အဆိုပြုထားသည်။

ထို့အတူ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုအတွက် အမြင့်ဆုံးပြစ်ဒဏ်ကိုလည်း ထောင်ဒဏ်တစ်သက်ထိမြှင့်တင်ရန် အဆိုပါဥပဒေကြမ်း၌ တောင်းဆိုထားကြောင်း သိရသည်။

ယူကရိန်းနှင့် အနောက်အုပ်စုမဟာမိတ်များကြောင့် ရုရှားနိုင်ငံရင်ဆိုင်နေရသည့် ခြိမ်းခြောက်မှုများကိုကာကွယ်ရန် တင်းကျပ်သည့်ဥပဒေများလိုအပ်ကြောင်း ရုရှားအောက်လွှတ်တော် ထိပ်တန်းခေါင်းဆောင်တစ်ဦးက ပြောကြားထားသည်။

ယူကရိန်းပဋိပက္ခကိုအကြောင်းပြု၍ နိုင်ငံတော်သစ္စာဖောက်မှု၊ အကြမ်းဖက်မှုနှင့် အဖျက်အမှောင့်ကျူးလွန်မှုများအတွက် ပြစ်ဒဏ်များကိုထပ်တိုးရန် ရုရှားလွှတ်တော်အမတ်များက ကြိုးစားနေခြင်းဖြစ်နိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

KKO

# တရုတ်လေတပ်စစ်လေယာဉ် ၄၂ စင်း တရုတ်(ထိုင်ပေ)ရေလက်ကြားအလယ်မျဉ်းကိုဖြတ်သန်း

**ထိုင်ပေ ဧပြီ ၈**

တရုတ်လေတပ်မှတိုက်လေယာဉ် ၄၂ စင်းတို့သည် ယနေ့တွင် တရုတ်(ထိုင်ပေ) ရေလက်ကြား အလယ်မျဉ်းကို ချိုးဖောက်ဝင်ရောက်ခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်(ထိုင်ပေ)သမ္မတ ဆိုင်အင်းဝမ်နှင့် အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌကိုတွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် တရုတ်တိုက်လေယာဉ်များက တရုတ်(ထိုင်ပေ) ရေလက်ကြားအလယ်မျဉ်းကို ကျော်ဖြတ်ခဲ့ကြခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် တရုတ်(ထိုင်ပေ)သမ္မတနှင့် အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ ကီဗင်မက္ကာသီတို့၏ ဧပြီ ၅ ရက် တွေ့ဆုံဆွေးနွေးပွဲကို တုံ့ပြန်သည့်အနေဖြင့် တရုတ်(ထိုင်ပေ)ပတ်ပတ်လည်တွင် စစ်ရေးလေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိသည်။

သုံးရက်ကြာမြင့်မည့် အဆိုပါပူးတွဲစစ်ရေး လေ့ကျင့်မှုများကို တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)၏ အရှေ့ပိုင်းစစ်ဒေသစစ်ဌာနချုပ်က ပြုလုပ်နေခြင်းဖြစ်သည်။

ယနေ့တွင် တရုတ်လေတပ်စစ်လေယာဉ် ၄၂ စင်းတို့သည် တရုတ်(ထိုင်ပေ) ရေလက်ကြားအလယ်မျဉ်းကို ဖြတ်ကျော်ခဲ့ကြသလို တရုတ်ရေတပ်စစ်သင်္ဘော ရှစ်စီးကိုလည်း တရုတ်(ထိုင်ပေ)အနီး တွေ့ရှိထားခဲ့ရကြောင်း တရုတ်(ထိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

တရုတ်(ထိုင်ပေ)ကို ပြည်မကြီးအချုပ်အခြာပိုင် နယ်မြေအဖြစ် သတ်မှတ်ထားသော တရုတ်အစိုးရသည် ပြည်မကြီးနှင့် တရုတ်(ထိုင်ပေ)ကို ပြန်လည်ပေါင်းစည်းရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

KKO

# အရေးပေါ်အခြေအနေကြေညာပြဋ္ဌာန်းချက် တတိယအကြိမ်အဖြစ် ဟွန်ဒူးရပ်စ်သက်တမ်းတိုး

**တီဂူစီဂယ်ပါ ဧပြီ ၈**

ရာဇဝတ်ဂိုဏ်း အကြမ်းဖက်မှုများကို နှိမ်နင်းရေးအစီအစဉ်အရ ဟွန်ဒူးရပ်စ်အစိုးရသည် အရေးပေါ်အခြေအနေကြေညာ ပြဋ္ဌာန်းချက်ကို ယခုနှစ် မေလကုန်ထိ သက်တမ်းထပ်တိုးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဧပြီ ၇ ရက်တွင် ဖော်ပြခဲ့သည်။

ဟွန်ဒူးရပ်စ်အစိုးရက ဧပြီ ၇ ရက်တွင် ကြေညာခဲ့သောအရေးပေါ်အခြေအနေပြဋ္ဌာန်းချက် သက်တမ်းထပ်တိုးမှုသည် တတိယအကြိမ် သက်တမ်းတိုးမှုဖြစ်သည်။

ဟွန်ဒူးရပ်စ်အစိုးရ၏ကြေညာချက်အရ တတိယအကြိမ် သက်တမ်းထပ်တိုးထားသော အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်သည် မေ ၂၀ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်အရ ဟွန်ဒူးရပ်စ်အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြည်သူ့အခွင့်အရေးအချို့ကို ပယ်ဖျက်ထားသည်။

လက်ဝဲဝါဒီသမ္မတ ရှီအိုမာရာကတ်စထရို ဦးဆောင်သည့် ဟွန်ဒူးရပ်စ်အစိုးရအဖွဲ့သည် ဟွန်ဒူးရပ်စ်နိုင်ငံ ရင်ဆိုင်နေရသည့် ရာဇဝတ်ဂိုဏ်း အကြမ်းဖက်မှုပြဿနာကို ဖြေရှင်းရန် ကြိုးစားလျက်ရှိသည်။

ယခုရက်သတ္တပတ်အစောပိုင်းက ဟွန်ဒူးရပ်စ်အစိုးရသည် ရာဇဝတ်ဂိုဏ်းအကြမ်းဖက်မှုတိုက်ဖျက်ရေးအစီအစဉ်အရ မြို့ကြီးများ၌ လက်နက်ကိုင်တပ်များဖြန့်ကြက်ခဲ့ကြောင်း သိရသည်။ KKO



# ဂျီစီစီနိုင်ငံများ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်း ကမ္ဘာ့ဘဏ်ပြင်ဆင်သတ်မှတ်

**ဝါရှင်တန် ဧပြီ ၈**



ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဂျီစီစီ)အဖွဲ့ဝင် ခြောက်နိုင်ငံတို့၏ ၂၀၂၃ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ကမ္ဘာ့ဘဏ်က ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဧပြီ ၇ ရက်တွင် ဖော်ပြခဲ့သည်။

ဂျီစီစီအဖွဲ့ဝင်နိုင်ငံများ၏ ၂၀၂၃ ခုနှစ် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ၃ ဒသမ ၂ ရာခိုင်နှုန်းထိသာရှိနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ဧပြီ ၆ ရက်တွင် ထုတ်ပြန်ခဲ့သောအစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်းထုတ်ပြန်ခဲ့သော ကမ္ဘာ့ဘဏ်အစီရင်ခံစာ တစ်ရပ်တွင်မူ ဂျီစီစီနိုင်ငံများ၏ ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၃ ဒသမ ၇ ရာခိုင်နှုန်းထိ သတ်မှတ်ထားသည်။

ဂျီစီစီ ခြောက်နိုင်ငံအတွက် ပြင်ဆင်သတ်မှတ်ခဲ့သော ယခုနှစ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ရေနံတင်ပို့ရောင်းသူ နိုင်ငံများအဖွဲ့(အိုပက်)နှင့် မဟာမိတ်များ၏ ရေနံထုတ်လုပ်မှုနှုန်းလျှော့ချရေးဆုံးဖြတ်ချက် အကျိုးသက်ရောက်မှုများကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားထားသည်။

အိုပက်နှင့် မဟာမိတ်နိုင်ငံများသည် နေ့စဉ်ရေနံထုတ်လုပ်မှုနှုန်းကို လျှော့ချမည်ဖြစ်ကြောင်း ဧပြီ ၂ ရက်တွင် ကြေညာခဲ့ရာ ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများမြင့်တက်လျက်ရှိသည်။

ဂျီစီစီအဖွဲ့တွင် အိုပက်အုပ်စုဝင် ပင်လယ်ကွေ့အာရပ်နိုင်ငံများဖြစ်သည့်ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ကူဝိတ်၊အိုမန်၊ကာတာနှင့် ယူအေအီးတို့ပါဝင်ကြောင်း သိရသည်။

KKO

# အမေရိကန်ရေတပ်က ပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘောတစ်စီးကို အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်ဖြန့်ကြက်

**ဝါရှင်တန် ဧပြီ ၈**

ပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘောတစ်စီးကို အမေရိကန်ရေတပ်က အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်ဖြန့်ကြက်ထားကြောင်း ရိုက်တာသတင်းဌာနက ဧပြီ ၇ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါနျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောသည် ဧပြီ ၇ ရက်တွင် စူးအက်တူးမြောင်းကိုဖြတ်သန်းခဲ့ကြောင်း ဘာရိန်းနိုင်ငံအခြေစိုက် အမေရိကန် အမှတ်(၅) ရေတပ်အုပ်စု ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အဆိုပါ ရေငုပ်သင်္ဘောသည် တိုမားဟော့ခ်အမျိုးအစား မြေပြင်တိုက်ခိုက်ရေးခရုဇ်ဒုံးကျည် ၁၅၄ စင်းထိ သယ်ဆောင်ထားနိုင်ကြောင်း သိရသည်။

အမှတ် (၅) ရေတပ်အုပ်စု၏ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ထိန်းသိမ်းရေးလုပ်ငန်းများကိုကူညီရန် ယင်းရေငုပ်သင်္ဘောအား အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်ခဲ့ခြင်းဖြစ်ကြောင်း အမှတ်(၅) ရေတပ်အုပ်စုပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။


ယူအက်စ်အက်စ်ဖလော်ရီဒါ အမည်ရှိ အဆိုပါရေငုပ်သင်္ဘောသည် ဧပြီ ၆ရက်တွင် အရှေ့အလယ်ပိုင်းဒေသသို့စတင်ဝင်ရောက်ခဲ့ပြီး ဧပြီ ၇ ရက်တွင် စူးအက်တူးမြောင်းကို ဖြတ်သန်းခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံနှင့် ဆက်ဆံရေးတင်းမာနေချိန်တွင် ယူအက်စ်အက်စ်ဖလော်ရီဒါရေငုပ်သင်္ဘောကို အမေရိကန်စစ်ဘက်က အရှေ့အလယ်ပိုင်းဒေသသို့ စေလွှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## စနေဂြိုဟ်အရွယ်ရှိ ဂြိုဟ်တစ်စင်းလှည့်ပတ်နေဖွယ်ရှိသော အနီရောင်ကြယ်သိမ်တစ်စင်းကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ



**ဝါရှင်တန် မေ ၈**

စနေဂြိုဟ်အရွယ်အစားရှိဂြိုဟ်တစ်စင်းလှည့်ပတ်နေဖွယ်ရှိသည့် အနီရောင်ကြယ်သိမ်တစ်စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၇ ရက်က ရေးသားတင်ပြထားသည်။

2MASS J 04124068 ဟူ၍ အမည်ပေးထားသည့် အဆိုပါကြယ်သိမ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၄၅၅ နှစ်အကွာတွင် တည်ရှိကြောင်း အမေရိကန်နိုင်ငံ အရီဇိုးနား တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အဆိုပါကြယ်တွင် ဓာတ်ငွေ့များ၊ ဖုန်မှုန့်များဖြင့် ဖွဲ့စည်းထားသည့် ခါးပတ်ကွင်းနှစ်ကွင်း တည်ရှိရာ ၎င်းကြယ်ဝန်းကျင်၌ စနေဂြိုဟ်အရွယ် ဂြိုဟ်တစ်စင်း တည်ရှိနေသော လက္ခဏာဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

2MASS J 04124068 ကြယ်၏ ခါးပတ်ကွင်း နှစ်ကွင်းအနက် တစ်ကွင်းမှာ ကြယ်နှင့်မိုင်ပေါင်း ၆ ဒသမ ၅ ဘီလီယံကွာဝေးပြီး တစ်ကွင်းမှာ မိုင်ပေါင်း ၁၀ ဘီလီယံကျော် ကွာဝေးကြောင်း သိရသည်။

ကြယ်ပတ်လမ်းရှိ ခါးပတ်ကွင်းနှစ်ခု ထိုမျှကွာဝေးနေမှုသည် ခါးပတ်ကွင်းနှစ်ခုကြား ဂြိုဟ်တစ်စင်းရှိနေမှုကြောင့် ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် 2MASS J 04124068 ကြယ်ကို ချီလီနိုင်ငံမြောက်ပိုင်း အခြေစိုက် အယ်လ်မာရေဒီယိုတယ်လီစကုပ်ကို အသုံးပြု၍ လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ကိုဗစ်ရောဂါလက္ခဏာ ရေရှည်ခံစားရသူများတွင် အိပ်စက်မှုဆိုင်ရာပြဿနာ ပေါ်ထွက်လာနိုင်

**နယူးယောက် မေ ၈**

ကိုဗစ်ရောဂါကင်းစင်ပြီးနောက် ကိုဗစ်လက္ခဏာများ ရေရှည်ဆက်ခံစားကြရသူ အများအပြားတွင် အိပ်စက်မှုဆိုင်ရာ ပြဿနာများ ပေါ်ထွက်လာနိုင်ကြောင်း Health Day News ဆေးပညာသတင်း ဝက်ဘ်ဆိုက်က မေ ၇ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ ကိုဗစ်လက္ခဏာ ရေရှည်ဆက်ခံစားနေကြရသူများ အနေဖြင့် အိပ်စက်မှုဆိုင်ရာ ပြဿနာများကို အတိုင်းအဆအမျိုးမျိုးဖြင့် ရင်ဆိုင်ရတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် ကိုဗစ်ရောဂါလက္ခဏာများ ရေရှည်ဆက်ခံစားနေကြရသူ ၉၆၂ ဦး၏ ကျန်းမာရေးအချက်အလက်များကို လေ့လာတွေ့ရှိခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ လေ့လာမှုတွင်ပါဝင်သူ လူနာများ အနက် ၁၀ ဦးလျှင် လေးဦး သို့မဟုတ် ၄၀ ရာခိုင်နှုန်းမှာအိပ်စက်မှုဆိုင်ရာ ပြဿနာဖြင့် ရင်ဆိုင်နေရသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကိုဗစ်လက္ခဏာများ ရေရှည်ဆက်ခံစားနေရသူ အများအပြားတွင် အိပ်စက်မှုဆိုင်ရာပြဿနာများ ရှိနေသော်လည်း အခြေအနေနှစ်ရပ်ကြား မည်သို့ဆက်စပ်နေသည်ကို မသိရသေးကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကိုဗစ်ရောဂါလက္ခဏာရေရှည်ဆက်ခံစားရသူများတွင် အိပ်စက်မှုဆိုင်ရာပြဿနာများ ပေါ်ထွက်လာမှုကြောင့် ဘဝနေထိုင်မှုအရည်အသွေး ထိခိုက်သွားနိုင်ကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

KKO

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က အာကာသတွင်းနက်တစ်ခုကြောင့် ကြယ်များဖွဲ့စည်းဖြစ်ပေါ်မှု ရပ်တန့်သွားသောကြယ်စုတစ်ခုကို ရှာဖွေတွေ့ရှိ

**ဝါရှင်တန် မေ ၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် အာကာသတွင်းနက်တစ်ခုကြောင့် ကြယ်များဖွဲ့စည်းဖြစ်ပေါ်မှု ရုတ်တရက် ရပ်တန့်သွားသော ကြယ်စုတစ်ခုကို ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က မေ ၇ ရက်က ရေးသားတင်ပြထားသည်။

GS-9209ဟူ၍ အမည်ပေးထားသော အဆိုပါကြယ်စုအတွင်းရှိ ကြယ်အများစုသည် Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီး နှစ်ပေါင်းသန်း ၆၀၀ နှင့် သန်း ၈၀၀ ကြား ပေါ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အဆိုပါကြယ်စု၏ ကြယ်များမွေးထုတ်မှုသည် လွန်ခဲ့သောနှစ်ပေါင်း ၁၂ ဒသမ ၅ ဘီလီယံခန့်တွင် ရုတ်တရက်ရပ်တန့်သွားကြောင်း နာဆာသိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

GS-9209 ကြယ်စု၏ ကြယ်များဖွဲ့စည်းဖြစ်ပေါ်မှုသည် အဆိုပါကြယ်စုဗဟိုချက်ရှိ မဟာအာကာသတွင်းနက်ကြောင့် ရပ်တန့်ခဲ့ရခြင်း ဖြစ်နိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိသည့်အချက်အလက်များအရ အဆိုပါမဟာအာကာသတွင်းနက်သည် ကွာဆာ (Quasar) ခေါ် အာကာသနယ်မြေတစ်ခုအဖြစ် ပြောင်းလဲသွားမှုကြောင့် ကြယ်များဖွဲ့စည်းဖြစ်ပေါ်ရန်လိုအပ်သည့် ဓာတ်ငွေ့များ GS - 9209 ကြယ်စုအတွင်း ပျောက်ကွယ်ခဲ့ရပြီးနောက် ကြယ်များဖွဲ့စည်းဖြစ်ပေါ်မှု ရပ်တန့်ခဲ့ရခြင်းဖြစ်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။



GS-9209 ကြယ်စုကို ၂၀၀၀ ပြည့်နှစ်အစောပိုင်းက ရှာဖွေတွေ့ရှိခဲ့ပြီးနောက် အဆိုပါကြယ်စု၏ သဘာဝကို သိပ္ပံပညာရှင်များက မြေပြင်အခြေစိုက် ရေဒီယိုတယ်လီစကုပ်များဖြင့် လေ့လာနိုင်ခဲ့ကြောင်း သိရသည်။

KKO

## ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ရှိ၊ မရှိ သွေးစစ်နည်းတစ်မျိုးဖြင့် ဖော်ထုတ်နိုင်ဖွယ်ရှိ

**နယူးယောက် မေ ၈**

သွေးစစ်နည်းတစ်မျိုးဖြင့်လာမည့် ၁၀ နှစ်အတွင်း ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ရှိ၊ မရှိကို ဖော်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက မေ ၇ ရက်က ရေးသားတင်ပြထားသည်။

စကော့တလန်နိုင်ငံ အီဒင်ဘာ့ဂ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အထက်ပါသွေးစစ်နည်းသည် ပုံစံ-၂ ဆီးချိုရောဂါ၏ ရှေ့ပြေးဇီဝလက္ခဏာများကိုရှာဖွေပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ သွေးစစ်နည်းသည် ပုံစံ-၂ ဆီးချိုရောဂါနှင့် ဆက်စပ်နေသည့် မျိုးဗီဇများ၏ လှုပ်ရှားမှုကြောင့် သွေးအတွင်းပေါ်ထွက်လာသည့် ဓာတုအပြောင်းအလဲများကို ရှာဖွေပေးနိုင်ကြောင်း စကော့တလန်သုတေသနပညာရှင်များက ပြောကြားသည်။

ပုံစံ-၂ ဆီးချိုနှင့် ဆက်စပ်နေသော မျိုးဗီဇများကြောင့် သွေးအတွင်းပေါ်ထွက်လာသော ဓာတုအပြောင်းအလဲများကို ရှာဖွေပေးခြင်းဖြင့် ၁၀ နှစ်အတွင်း ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ရှိ၊ မရှိကို ဖော်ထုတ်ပေးနိုင်မည်ဖြစ်သည်။

စကော့တလန် သုတေသနပညာရှင်များသည် လူ ၁၄၆၁၃ ဦး ပါဝင်သော လေ့လာချက်တစ်ရပ်ကို ၁၅ နှစ်ကြာ ပြုလုပ်ပြီးနောက် အထက်ပါသွေးစစ်နည်းကို ဖန်တီးထားခြင်းဖြစ်သည်။

ဆီးချိုရောဂါ မရှိသေးသော်လည်း သွေးအတွင်းသကြားဓာတ်ပါဝင်မှု ပုံမှန်ထက်လွန်ကဲနေသူများ၌ နောင်လာမည့် ငါးနှစ်မှ ၁၀ နှစ်အတွင်း ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၅၀ ရာခိုင်နှုန်းမြင့်တက်နေတတ်ကြောင်း သိရသည်။

KKO



## အင်တဲလ်ဆက်ကုမ္ပဏီ၏ ဆက်သွယ်ရေးဂြိုဟ်တုတစ်စင်း Space-X အာကာသနည်းပညာကုမ္ပဏီ လွှတ်တင်

**ဝါရှင်တန် မေ ၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် အင်တဲလ်ဆက်ကုမ္ပဏီ၏ ဆက်သွယ်ရေးဂြိုဟ်တုတစ်စင်းကို မေ ၇ ရက်က လွှတ်တင်ပေးခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

အင်တဲလ်ဆက်-40e အမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တုကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ပေးခဲ့ခြင်းဖြစ်သည်။

အင်တဲလ်ဆက်-40e ဂြိုဟ်တုသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ TEMPO အမည်ရှိ သိပ္ပံပညာ စူးစမ်းလေ့လာရေး စနစ်တစ်ခုကိုလည်း သယ်ဆောင်ထားကြောင်း သိရသည်။

TEMPO စူးစမ်းလေ့လာရေးစနစ်သည် ထရိုပိုစဖီးယားလေထုလွှာအောက်ပိုင်းကို လေ့လာမည့် စူးစမ်းလေ့လာရေးစနစ်ဖြစ်ကြောင်း သိရသည်။

အင်တဲလ်ဆက်-40e ဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်အကွာတွင်ရှိသော ပတ်လမ်းပေါ်တွင် နေရာယူ၍ ဆက်သွယ်ရေးဝန်ဆောင်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အင်တဲလ်ဆက်-40e မစ်ရှင်သည် Space-X ကုမ္ပဏီ၏ ယခုနှစ်အတွက် ၂၃ ကြိမ်မြောက်မစ်ရှင်ဖြစ်ကြောင်း သိရသည်။

KKO




# အေစီမီလန်အသင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် တိုက်စစ်မှူး အိုစီမန် ပြန်လည်ပါဝင်မည်

**ရောမ မေ ၈**

ပြီးခဲ့သည့် နိုင်ငံတကာပြိုင်ပွဲကာလအတွင်း နိုင်ဂျီးရီးယားအသင်းအတွက် ပါဝင်ကစားပေးခဲ့ချိန်တွင် ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့သည့် တိုက်စစ်မှူး အိုစီမန်သည် လာမည့် မေ ၁၃ ရက်တွင် ကစားရမည့် အေစီမီလန်အသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဟု နာပိုလီအသင်း နည်းပြစပယ်လက်တီက ပြောကြားခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ်ဘောလုံးရာသီ နာပိုလီအသင်းအတွက် ပြိုင်ပွဲစုံ ၂၉ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၂၅ ဂိုးထိ သွင်းယူထားနိုင်သည့် တိုက်စစ်မှူး အိုစီမန်သည် နိုင်ငံတကာပြိုင်ပွဲကာလအတွင်း နိုင်ဂျီးရီးယားအသင်းအတွက် ပါဝင်ကစားပေးချိန်တွင် ပေါင်ကြွက်သားဒဏ်ရာကြောင့် မေ ၃ ရက်က ကစားခဲ့သည့် အေစီမီလန်အသင်းကို လေးဂိုးပြတ် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်နှင့် ယနေ့ယှဉ်ပြိုင်ကစားခဲ့သည့် လက်ချီအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တို့ကို လွဲချော်ခဲ့သော်လည်း လာမည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဟု နည်းပြစပယ်လက်တီက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

နည်းပြ စပယ်လက်တီက "လက်ချီနဲ့ ပွဲစဉ်ဟာ တကယ်ကို ခက်ခဲတဲ့ ပွဲစဉ်ဖြစ်ခဲ့တာပါ။ ကျွန်တော်တို့အသင်းအနေနဲ့ အေစီကို ဂိုးပြတ်ရှုံးခဲ့ပေမဲ့ လက်ချီနဲ့ပွဲစဉ်မှာ နိုင်ပွဲပြန်ရခဲ့လို့ လာမဲ့ပွဲစဉ်အတွက် အားတက်ခဲ့တာဖြစ်ပါတယ်။ အိုစီမန်ကို ကျွန်တော်တို့လိုအပ်နေပေမဲ့ ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်း မရှိသေးပါဘူး။ လက်ရှိမှာတော့ ဒဏ်ရာသက်သာလာတာကြောင့် အပေါ့စားလေ့ကျင့်ခန်းတွေ ပြန်လည်ပြုလုပ်နေပြီဖြစ်လို့ အေစီမီလန်နဲ့ချန်ပီယံလိဂ်ပထမအကျော့မှာ ပါဝင်ဖို့သေချာပါတယ်" ဟု လက်ချီအသင်းကို အနိုင်ရခဲ့သည့် ပွဲစဉ်အပြီးတွင် ပြောကြားခဲ့ကြောင်း သိရသည်။ ML




# ဘန်လေအသင်း ပရီးမီးယားလိဂ်သို့ ပြန်လည်တန်းတက်ခွင့်ရရှိ




**လန်ဒန် မေ ၈**

အင်္ဂလန် ချန်ပီယံရှစ်ပြိုင်ပွဲအဖြစ် မစ်ဒယ်ဘရော့အသင်းနှင့် ဘန်လေအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဘန်လေအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် လက်ကျန်ပွဲကစားရန် ခုနစ်ပွဲကျန်ရှိသော်လည်း ပရီးမီးယားလိဂ်သို့ ပြန်လည်တန်းတက်ခွင့် ရရှိခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြ ကွန်ပနီ တာဝန်ယူနေသည့် ဘန်လေအသင်းသည် ယခုနှစ်ဘောလုံးရာသီ ချန်ပီယံရှစ်ပြိုင်ပွဲ ၃၉ ပွဲကစားပြီးချိန်တွင် ၂၅ ပွဲနိုင်၊ ၁၂ ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ဖြင့် ရမှတ် ၈၇ မှတ်ထိ ရရှိခဲ့ပြီး ဒုတိယနေရာမှ ရှက်ဖီးလ်(U) အသင်းကို ရမှတ် ၁၁ မှတ်နှင့် တတိယနေရာမှ လူတန်အသင်းကို တစ်ပွဲလျှော့ ရမှတ် ၁၉ မှတ်ထိဖြတ်တောက်နိုင်ခဲ့သောကြောင့် လက်ကျန်ပွဲကစားရန် ခုနစ်ပွဲအလိုတွင် ပရီးမီးယားလိဂ်သို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။

ဘန်လေအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရလဒ်ဆိုးများဖြင့် ရုန်းကန်ခဲ့ရသောကြောင့် နည်းပြဒိုက်ချီကို ရာထူးမှ ထုတ်ပယ်ကာ လက်ထောက်နည်းပြ ဂျက်ဆင်ကို ယာယီနည်းပြခန့်အပ်၍ တန်းဆင်းဇုန်မှ လွတ်မြောက်ရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိဘဲ အဆင့် (၁၈) တွင် ရောက်ရှိခဲ့ပြီး ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရသော်လည်း ယခုအခါ မစ်ဒယ်ဘရော့အသင်းကို အနိုင်ရခဲ့သောကြောင့် ဘောလုံးရာသီမကုန်ဆုံးမီ ပရီးမီးယားလိဂ်သို့ ပြန်လည်တန်းတက်ခွင့် ရရှိခဲ့ကြောင်း သိရသည်။

ML

# လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ ဘီဗိုလ်က ကန်နဲလိုနှင့်မကျေပွဲပြန်လည်ထိုးသတ်ရန်အတွက် စိန်ခေါ်

**မော်စကို မေ ၈**

WBA(Super) လိုက်ဟဲဗီးဝိတ်တန်းကမ္ဘာ့ချန်ပီယံ ရုရှားလက်ဝှေ့သမား ဘီဗိုလ်သည် လက်ရှိ WBA (Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ မက္ကဆီကို လက်ဝှေ့သမားကန်နဲလိုနှင့်မကျေပွဲထိုးသတ်သွားရန် စိန်ခေါ်မှုပြုလုပ်ထားသည်။

ကန်နဲလိုသည် ၂၀၂၂ ခုနှစ် မေလတွင် စူပါမစ်ဒယ်ဝိတ်တန်းမှ လိုက်ဟဲဗီးဝိတ်တန်းသို့ တက်ကာ WBA(Super) လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဘီဗိုလ်နှင့် စိန်ခေါ်ထိုးသတ်ခဲ့ရာတွင် ကန်နဲလိုက ဒိုင်အမှတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ဘီဗိုလ်အားရှုံးနိမ့်ခဲ့ပြီးနောက် ကန်နဲလိုသည် စူပါမစ်ဒယ်ဝိတ်တန်း၌သာ ထိုးသတ်သွားခဲ့ပြီး ဘီဗိုလ်နှင့် မကျေပွဲ ထိုးသတ်သွားမည့်အကြောင်းနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာပြောကြားခဲ့ခြင်း မရှိခဲ့ကြောင်း သိရသည်။

သို့သော်လည်း ဘီဗိုလ်သည် ကန်နဲလိုအတွက် လမ်းဖွင့်ပေးထားသလို မကျေပွဲထိုးသတ်သွားလိုသည့်အတွက် စိန်ခေါ်မှုပြုလုပ်ထားရာ ကန်နဲလိုသည် ယခုနှစ် မေ ၆ ရက်တွင် WBA (Super)၊ WBC၊ IBF၊ WBO စူပါမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ဗြိတိန်လက်ဝှေ့သမား ရွန်ရိုက်တာဖြင့် ထိုးသတ်သွားရမည်ဖြစ်သည့်အတွက် ဘီဗိုလ်အနေဖြင့် မကျေပွဲအတွက် လာမည့်အောက်တိုဘာလထိ စောင့်ဆိုင်းသွားရဖွယ်ရှိနေကြောင်း ကန်နဲလို၏ Promoter ဖြစ်သူ အက်ဒီဟန်းကပြောကြားခဲ့သည်ဟု Boxing 247 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကန်နဲလိုအနေဖြင့် ရွန်ရိုက်တာအား အနိုင်ထိုးသတ်နိုင်ခဲ့ပါက စူပါမစ်ဒယ်ဝိတ်တန်းတွင်လည်း ပြိုင်ဘက်ကင်း ဖြစ်သွားမည်ဖြစ်သည့်အတွက် လိုက်ဟဲဗီးဝိတ်တန်းသို့ ထပ်မံပြောင်းဖွယ်ရှိနေသည်။

သို့သော်လည်း ရွန်ရိုက်တာနှင့် ထိုးသတ်သွားရမည့် ပွဲရလဒ်ပေါ်မူတည်နေခြင်းကြောင့်လည်း ဘီဗိုလ်အနေဖြင့် ကန်နဲလိုနှင့် ထိုးသတ်လိုပါက စိတ်ရှည်သည်းခံစွာဖြင့် စောင့်ဆိုင်းရမည်ဖြစ်ကြောင်းလည်း ကန်နဲလို၏ Promoter ဖြစ်သူ အက်ဒီဟန်းက ပြောကြားသွားခဲ့သည်။

AZL

| | | | | |
|---|---|---|---|---|
| **ပရီးမီးယားလိဂ် ပွဲစဉ် (၃၀) ရလဒ်** | | | | |
| မန်ယူ | ၂ | - | ၀ | အဲဗာတန် |
| အေဗီလာ | ၂ | - | ၀ | နော်တင်ဟမ် |
| ဘရန့်ဖို့ဒ် | ၁ | - | ၂ | နယူးကာဆယ် |
| ဖူလ်ဟမ် | ၀ | - | ၁ | ဝက်စ်ဟမ်း |
| လက်စတာ | ၀ | - | ၁ | ဘုန်းမောက် |
| စပါး | ၂ | - | ၁ | ဘရိုက်တန် |
| ဝုဗ် | ၁ | - | ၀ | ချဲလ်ဆီး |

(၀၄၀)

## အားကစားသတင်း အတိုအထွာများ

- မန်ယူအသင်းက အသက် ၂၁ နှစ်ရှိ ပယ်လီစထရီကို ခြေစွမ်းပြသနိုင်မှုကြောင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ဆွေးနွေးလျက်ရှိသည်။
- မန်စီးတီးအသင်းက အသင်းမှထွက်ခွာမည့် ခံစစ်ကစားသမား လာပေါ်တီ၏နေရာတွင် အင်တာမီလန်အသင်းမှ ဘာစတိုနီနှင့် အစားထိုးရန်ပြင်ဆင်နေကြောင်း သိရသည်။

ML

# Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ပယ်ဂူလာ တက်ရောက်

**တောင်ကာရိုလိုင်းနား မေ ၈**

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားတွင် ကျင်းပနေသည့် Credit One Charleston Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်မယ် ပယ်ဂူလာနှင့် စပိန်တင်းနစ်မယ် ဘာဒိုဆာတို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ ပယ်ဂူလာက (၆-၃၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း WTA က ယနေ့တွင် ဖော်ပြခဲ့သည်။

ပယ်ဂူလာသည် ဘာဒိုဆာအား အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ပထမပွဲငယ်၌ လက်စွမ်းကောင်းပြသနိုင်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ဘာဒိုဆာကပုံစံကောင်း ပြန်လည် ရရှိလာသည့်အတွက်ကြောင့် Tie-Break ထိ ကစားခဲ့ရသည်။

ဘာဒိုဆာအား ခက်ခက်ခဲခဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်လာနိုင်ခဲ့သည့် ပယ်ဂူလာက "ဒီပွဲစဉ်မှာ ခက်ခဲမယ်ဆိုတာကို မျှော်လင့်ပြီးသားပါ။ ခက်ခဲတဲ့ ပွဲစဉ်ဖြစ်သလို မိုးရွာလာတဲ့အတွက်ကြောင့် ကစားရတာ တော်တော်လေးခက်ခဲပါတယ်။ ပထမပွဲငယ်မှာ အဆင်ပြေခဲ့ပေမဲ့လဲ ဘာဒိုဆာရဲ့ဒုတိယပွဲငယ်မှာကစားပြနိုင်ခဲ့တဲ့ လက်စွမ်းပိုင်းက ကျွန်မကို တော်တော်လေး အခက်တွေ့စေခဲ့တယ်။ ခက်ခဲတဲ့ အခြေအနေတစ်ခုကို အကောင်းဆုံးကျော်ဖြတ်နိုင်ခဲ့ပါတယ်။ ကျွန်မအနေနဲ့ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်မှာအမှားတွေ ကျူးလွန်ခဲ့တာတွေလဲ ရှိပါတယ်။ unforced error တော်တော်လေးများခဲ့တယ်။ ဒါကြောင့် ဒုတိယပွဲငယ်မှာ Tie-Break ထိ ကစားခဲ့ရတာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။



ပယ်ဂူလာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် ဘန်ဆစ်နှင့်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

AZL

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## Saab ကုမ္ပဏီ၏ စတုတ္ထမြောက် Global Eye လေယာဉ်သစ် ဆွီဒင်နိုင်ငံ Linköping မြို့တွင် ပထမဆုံး ပျံသန်းမှုပြုလုပ်ခဲ့



Saab ကုမ္ပဏီ၏ စတုတ္ထမြောက် Global Eye ဘက်စုံသုံး လေကြောင်းကြိုတင်သတိပေးရေးနှင့် ထိန်းကျောင်းရေး လေယာဉ်(AWE&C)သည် ဆွီဒင်နိုင်ငံ Linköping မြို့တွင် ၎င်း၏ ပထမဆုံး ပျံသန်းမှုကို ပြုလုပ်နိုင်ခဲ့ကြောင်း The Defense Post တွင် မေ ၅ ရက်က ရေးသားဖော်ပြခဲ့သည်။

လေကြောင်းနှင့် အာကာသဈေးကွက်သို့ ကြိုတင်သတိပေးရေးလေယာဉ်သစ်ကို မိတ်ဆက်ရန် ကုမ္ပဏီ၏အစပျိုးမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် လေယာဉ်၏စွမ်းဆောင်ရည်များကို အကဲဖြတ်ဆန်းစစ်နိုင်ရန် သရုပ်ပြကျင်းပခဲ့ခြင်းဖြစ်သည်။

"နောက်ထပ် Global Eye လေယာဉ်သစ်ကြီးရဲ့ အောင်မြင်တဲ့ ပထမဆုံးအကြိမ် ပျံသန်းမှုအပေါ် ကျွန်တော်တို့အရမ်းကျေနပ်ပါတယ်"ဟု Saab ကုမ္ပဏီ Surveillance (ရှာဖွေထောက်လှမ်းရေးစနစ်ပိုင်းဆိုင်ရာ)အကြီးအကဲ Carl-Johan Bergholm က ပြောကြားခဲ့သည်။

"ဒါက ဈေးကွက်မှာ ဖြိုင်ဘက်ကင်းအချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ရဲ့ ဖောက်သည်တွေကို အဆင့်အမြင့်ဆုံး လေကြောင်းကြိုတင် သတိပေးရေးနှင့် ထိန်းကျောင်းရေး(AEW&C) လေယာဉ်သစ်ကို ပံ့ပိုးပေးဖို့ လိုအပ်တဲ့အခြေခံအဆောက်အအုံတွေ၊ စွမ်းဆောင်ရည်တွေနဲ့ ကျွမ်းကျင်မှုတွေရှိတယ်ဆိုတာ အတည်ပြုနိုင်ခဲ့တာဖြစ်ပါတယ်"ဟု Carl-Johan Bergholm က ထည့်သွင်းပြောကြားခဲ့သည်။

Saab ကုမ္ပဏီ၏အဆိုအရ Global Eye လေယာဉ်သည် အဆင့်မြင့် Active နှင့် Passive အာရုံခံကိရိယာများပါရှိသော ခေတ်အမီဆုံး AWE&C ဖြေရှင်းချက်ဖြစ်သည်ဟု သိရသည်။

အဆိုပါ Global Eye လေယာဉ်သစ်တွင် တာဝေးထောက်လှမ်းခြင်းနှင့် စိစစ်ခွဲခြားခြင်းစနစ်များပါရှိပြီး ပင်လယ်ရေကြောင်းသွားလာမှု၊ ဝေဟင်နှင့် မြေပြင်အခြေစိုက်ပစ်မှတ်များနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်းရေးသတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်သည်။

သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးကဲ့သို့သော စစ်ဘက်မဟုတ်သော မစ်ရှင်များအတွက်လည်း အခြေအနေဆိုင်ရာ ကြိုတင်သတိပေးချက်များပံ့ပိုးပေးနိုင်ရန် တည်ဆောက်ထုတ်လုပ်ထားခြင်းဖြစ်သည်။ Global Eye ကို ရေမိုင် ၃၀၀ အကွာအဝေးတွင် ၁၁ နာရီကျော် ရည်မှန်းချက်တာဝန်များကို ထမ်းဆောင်စေနိုင်မည်ဖြစ်သည်။

ယခုနှစ်အစောပိုင်းတွင် Saab ကုမ္ပဏီသည် NATO အဖွဲ့အတွက် စောင့်ကြည့်ရေးစနစ်အသစ်အဖြစ် Global Eye ကြိုတင်သတိပေးရေးနှင့် ထိန်းကျောင်းရေး လေယာဉ်သစ်ကို ဝယ်ယူသွားနိုင်ရေး ကမ်းလှမ်းခဲ့သည်။

နောင်လာမည့် ခြိမ်းခြောက်မှုအန္တရာယ်များကိုဖြေရှင်းရန် မျိုးဆက်သစ်လေကြောင်းဆိုင်ရာသတိပေးချက်နှင့် ထိန်းချုပ်မှုစနစ်များကိုအသုံးပြုရန်အတွက် NATO အဖွဲ့အစည်း၏ Alliance Future Surveillance and Control စီမံကိန်းကို ပံ့ပိုးပေးရန် အဆိုပြုချက်တင်သွင်းခဲ့ခြင်းဖြစ်သည်။

ရွေးချယ်ခံရမည်ဆိုပါက Global Eye သည် ဂျာမနီတွင် လက်ရှိတပ်စွဲထားသော Boeing E-3 Sentry AEW&C လေယာဉ်အုပ်နေရာ၌ အစားထိုးအသုံးပြုလာနိုင်မည်လည်းဖြစ်သည်။

**New Saab GlobalEye Aircraft Completes Maiden Flight ကို ဘာသာပြန်ဆိုထားပါသည်။**

## Lockheed Martin ကုမ္ပဏီက ဩစတြေးလျနိုင်ငံအတွက် ကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ ဂြိုဟ်တုဆက်သွယ်ရေးဆိုင်ရာသဘောတူစာချုပ် လက်ခံရရှိ

Lockheed Martin ကုမ္ပဏီသည် JP9102 အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဩစတြေးလျနိုင်ငံ၏ပထမဆုံးသော နိုင်ငံပိုင် စစ်ဘက်ဆိုင်ရာဆက်သွယ်ရေး ဂြိုဟ်တုနှင့် မြေပြင်စခန်းများစွာကို တည်ဆောက်ပေးရန်အတွက် ရွေးချယ်ခံခဲ့ရပြီး ဩစတြေးလျဒေါ်လာ လေးဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ) တန်ဖိုးရှိ ဂြိုဟ်တုဆက်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်တစ်ခုကို ဩစတြေးလျအစိုးရက ပေးအပ်ခဲ့ရာ Lockheed Martin ကုမ္ပဏီက လက်ခံရရှိကြောင်း The Defense Post တွင် မေ ၅ ရက်က ရေးသားဖော်ပြထားသည်။

ကမ္ဘာမြေတိုင်းတာရေး (Geostationary) ဂြိုဟ်တုအပြင် အမေရိကန်ကာကွယ်ရေးကုမ္ပဏီကြီးသည် ပေါင်းစည်းထားသော ဂြိုဟ်တုဆက်သွယ်ရေးစီမံခန့်ခွဲမှုစနစ်နှင့် ကင်ဘာရာအတွက် စစ်ဆင်ရေးစင်တာအသစ်နှစ်ခုကိုတည်ဆောက်ရာတွင် ပံ့ပိုးပေးသွားမည်ဖြစ်သည်။ တင်ဒါလုပ်ဆောင်မှုများ အပြီးသတ်ဆောင်ရွက်ပြီးပါက လုပ်ငန်းတိုးတက်အောင်မြင်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဟုလည်း သိရသည်။

"လက်ရှိ ကာကွယ်ရေးကဏ္ဍမှာ ဂြိုဟ်တုဆက်သွယ်ရေးအပေါ် မှီတည်နေတဲ့ စနစ်ပိုင်းဆိုင်ရာ၊ စွမ်းဆောင်ရည် ၈၉ ခုထိ ရှိပါတယ်"ဟု ဩစတြေးလျ လေကြောင်းကာကွယ်ရေးနှင့် အာကာသစနစ်ဌာနခွဲအကြီးအကဲ David Scheul က ပြောကြားခဲ့သည်။


ဂြိုဟ်တုသည် ဩစတြေးလျနိုင်ငံအာကာသတပ်ဖွဲ့၏ ကာလရှည်ကြာ စွမ်းဆောင်နိုင်မှု၊ ပြောင်းလွယ်ပြင်လွယ်ရှိမှုနှင့် လိုက်လျောညီထွေမှုတို့ကို တိုးမြှင့်ပေးနိုင်မည်ဟု မျှော်လင့်ရသည်။

၎င်းသည် ၂၀၂၇ ခုနှစ်မှစ၍ အိန္ဒိယသမုဒ္ဒရာအလယ်ပိုင်းမှ Solomon ကျွန်းများထိ လွှမ်းခြုံပေးနိုင်လိမ့်မည်ဖြစ်သည်။

Lockheed Martin ကုမ္ပဏီအပြင် ဩစတြေးလျနိုင်ငံသည် Airbus၊ Boeing၊ Northrop Grumman၊ Raytheon Technologies နှင့် Thales အဖွဲ့များမှ တင်ဒါများရရှိခဲ့သည်။

အစိုးရသည် JP9102 ပရိုဂရမ်၏ နောက်ထပ်အဆင့်သို့ ဆက်လက်လုပ်ဆောင်ရန်အတွက် ကုမ္ပဏီနှစ်ခုကို ကနဦးရွေးချယ်ရန်စီစဉ်ထားသည်။

သို့သော် ဩစတြေးလျနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက Lockheed Martin ကုမ္ပဏီကို ပုံမှန်မဟုတ်သောလှုပ်ရှားမှုတစ်ခုဟုယူဆနိုင်သည့် သဘောတူစာချုပ်ကို တိုက်ရိုက်ပေးအပ်ခဲ့ကြောင်း ကြေညာခဲ့ခြင်းလည်းဖြစ်သည်။



Lockheed Martin ကုမ္ပဏီ၏ အဆိုပြုချက်သည် အမေရိကန်နိုင်ငံ အာကာသတပ်ဖွဲ့(Space Force) သို့ ဂြိုဟ်တုဆက်သွယ်ရေးစနစ် လေးခုကို ပံ့ပိုးပေးသည့်အတွေ့အကြုံအပေါ် သက်ရောက်စေသည်ဟုလည်း သိရသည်။

ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့ထံ ဤအရေးပါသောစွမ်းရည်ကို ပေးအပ်ရန် တင်ဒါတင်သွင်းခဲ့ရာတွင် ဦးစားပေးအဖြစ် ရွေးချယ်ခံရခြင်းအတွက် ကျွန်ုပ်တို့ဂုဏ်ယူမိပါကြောင်း Lockheed Martin ကုမ္ပဏီမှ တာဝန်ရှိသူ Warren McDonald က ပြောကြားခဲ့သည်။


ဤစွမ်းရည်သည် ဩစတြေးလျကာကွယ်ရေးတပ်ဖွဲ့ကို ၎င်းတို့လိုအပ်သည့် အချိန်နှင့်နေရာများတွင် ခိုင်မာသောချိတ်ဆက်မှုနှင့် ယုံကြည်စိတ်ချရသောသတင်းအချက်အလက်များကို ပေးစွမ်းနိုင်မည်ဖြစ်ကာ ထပ်မံတိုးချဲ့လုပ်ဆောင်ခြင်းဖြင့် ဩစတြေးလျ၏ ကာကွယ်ရေးနှင့် အာကာသစက်မှုလုပ်ငန်းတိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုပါဝင်ကူညီနိုင်လိမ့်မည်ဖြစ်ကြောင်း Lockheed Martin ကုမ္ပဏီမှ တာဝန်ရှိသူ Warren McDonald က ထပ်လောင်းပြောကြားခဲ့သည်။

**Lockheed Martin Awarded $2.7B Australian Satellite Contract ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# SAC Chairman PM Senior General Min Aung Hlaing inspects temporary damming on Hsinthe Creek and solar-powered water pumping system, meets local farmers in Shadaw Village in Tatkon Township





Senior General Min Aung Hlaing hears report on systematic land reclamation.

**Nay Pyi Taw April 8**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Union Minister for Agriculture, Livestock and Irrigation U Min Naung, Union Minister for Cooperatives and Rural Development U Hla Moe, Chairman of Nay Pyi Taw Council U Tin Oo Lwin, the commander of Nay Pyi Taw Command and officials, this morning inspected temporary damming process on Hsinthe Creek and solar-powered water pumping system in Shadaw Village of Tatkon Township in Nay Pyi Taw Council.

Director General U Bo Bo Kyaw of Irrigation and Water Utilization Management Department of the Ministry of Agriculture, Livestock and Irrigation reported on construction of the temporary dam on Hsinthe Creek and supply of water through solar-powered water pumping system, and efforts for providing agricultural water by building dams with solar-powered water pumping stations across the nation.

Nay Pyi Taw Council Chairman U Tin Oo Lwin reported on progress of growing summer and monsoon paddy and other crops within five years and irrigated cultivation in five years.

In his responses, the Senior General stressed the need to sufficiently supply water to the agricultural sector. Only when farmlands get sufficient water, will its per-acre yield of double cropping increase as well as agricultural produce rise. Hence, it is necessary to systematically emphasize supply of water.

Speaking on the occasion, the Senior General said that after taking State responsibilities, the government is placing an emphasis on prosperity of the nation and food security. Prosperity comprises rule of law and improvement of knowledge and skills. Only when these factors are combined, will the people enjoy fruits of prosperity of the nation. With regard to the food security, some 70 per cent of the people are residing in the rural area and engaging in manufacturing business based on agriculture and livestock farms. Some people in urban area are operating horticultural farms, agriculture and livestock farms. If they try to improve agricultural tasks, State economy will boom. So, the objectives were adopted for prosperity of the nation and food security.

Food, clothing and shelter are important for each person. As Myanmar emphasizes agriculture, it is necessary for the people not to face difficulties in food supply. The country possesses 13 million acres of farmlands, over 590,000 acres of croplands, more than 300,000 acres of hillside farmlands and 14 million acres of horticultural farms as well as 640,000 acres of other lands. It is necessary to efficiently utilize these lands. Currently, as these lands cannot be efficiently utilized, the agriculture sector sees lesser progress. Water plays a key role in agricultural sector. So, priority is given to supply of agricultural water.

As there are lesser number of rainy days in Nay Pyi Taw, inflow of water volume to the dams is lesser. This being so, local people wastes use of water. Especially, the best ways are being sought for efficient supply of water in summer. There are three kinds of water—water from rivers and creeks, rainwater and damming water. It is necessary to carefully use water. It is necessary to raise public awareness on utilization of water trough TV programmes and other ways. If water is used in dropping and pipeline systems, water can be used efficiently. So, arrangements are being made to teach use of water at institutes of agriculture.

Agricultural tasks require water in summer. Water can be taken from rivers and creeks, dams and underground water. If water pumping process can be done through solar-powered system in summer, it can much reduce fuel consumption. Hence, relevant ministries are assigned to implement such a plan. Myanmar is making efforts for building solar plants and generating electricity from solar power.

As applying solar power in water pumping process contributes to cultivation of crops in double cropping pattern, it can develop agriculture sector.

*See Page 15*



Senior General Min Aung Hlaing gives guidance on solar powered water pumping system.



Senior General Min Aung Hlaing inspects solar powered water pumping system.

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win inspects defence services hospital, livestock breeding and training battalion, agriculture/livestock breeding tasks in Fort Bahtoo


Vice-Senior General Soe Win comforts a patient.

**Nay Pyi Taw April 8**

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by wife Daw Than Than Nwe, Chief of General Staff (Army, Navy, Air) General Maung Maung Aye and wife, senior officers from the Office of the Commander-in-Chief of Defence Services and the commander of the Eastern Command, inspected the defence services hospital, the livestock breeding and training battalion and agriculture/livestock breeding tasks in Bahtoo station in Shan State South this morning.

First, the Vice-Senior General and party arrived at the defence services hospital in Bahtoo and were greeted by the commandant and responsible officers of the hospital. Then, the Vice-Senior General and party viewed the monks, officers, other ranks, families and local residents who were receiving treatments at the hospital, asked after their health and spoke words of comfort to them individually while presenting foodstuffs for them.


Daw Than Than Nwe asks after a patient.

Similarly, Daw Than Than Nwe, the wife of the Vice-Senior General and party went to the wards for women and children and viewed the patients while speaking words of comfort and presenting provisions to them.

Afterward, the Vice-Senior General and wife presented cash rewards for healthcare staff and cash donations for the hospital to the commandant. Then, the Vice-Senior General and party arrived at the three-storey lecture building of the Tatmadaw (Army) Combat Forces School (Bahtoo) and heard reports on training issues, implementation of four military building tasks and agriculture and livestock breeding tasks of the Tatmadaw (Army) Combat Forces Training School (Bahtoo), the Tatmadaw (Army) Officer Training School (Bahtoo) and the Tatmadaw (Army) Warrant Officer and Sergeant Training School presented at the briefing hall by respective commandants. After hearing the reports, the Vice-Senior General asked questions on matters of interest and coordinated training issues and requirements for administration of the training schools.

Afterward, the Vice-Senior General and party proceeded to the livestock breeding and training battalion and inspected the development of a 55-acre model agriculture and livestock breeding zone, cultivation of seasonal crops and soil replacement crops, cultivation of crops in greenhouses and Jade variety tissue-cultured bananas (fragrant bananas), the breeding of high pedigree DYL piglets and layers in land-based building above water and air-conditioned close buildings, dairy cows and beef cows. After the inspection, the Vice Senior General gave instructions to responsible officers to carry out agriculture and livestock breeding tasks successfully, to make meat, fish and vegetable available to officers and other ranks and families of battalions and units at cheaper prices than prevailing ones in the market and to distribute the surplus products to government employees and local people at cheaper prices in accordance with the instruction of the Chairman of the State Administration Council Prime Minister, to make concerted efforts with the aim of achieving success as a model agriculture and livestock breeding zone, to take measures with the aim of distributing quality seeds and pedigree pigs under research to the entire Tatmadaw and to successfully conduct research on reproduction of Brahman beef cattle. The Vice-Senior General also urged responsible officers to produce quality seeds from pumpkins, gourds, yard long beans, *See Page 13*


Vice-Senior General Soe Win agricultural produce.


Vice-Senior General Soe Win inspects breeding of DYL piglets.

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets officers, other ranks and families from Mongpyin Station


Vice-Senior General Soe Win meets Tatmadaw members and families at Mongpyin Station.

**Nay Pyi Taw April 8**

Vice Chairman of the State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win met with officers, other ranks and families from Mongpyin Station this afternoon.

Also present together with the Vice-Senior General were his wife Daw Than Than Nwe, Chief of the General Staff (Army, Navy and Air) General Maung Maung Aye and wife, senior officers from the Office of the Commander-in-Chief, the Eastern Command commander and officials.

In meeting with the Tatmadaw members and families, the Vice-Senior General said unity is crucial as the Tatmadaw has been formed as a group and then groups working as a national force. Now is the time when State responsibilities are being temporarily assumed as a tremendous duty given by the 2008 constitution, so all must work hard for the good of the country. Whenever the State experienced armed conflict and various natural disasters over the past 75 years since the independence, the State stood firm for the country.

Although all the national brethren have lived on same land, there were different ideologies over ethnic affairs, ism and religion due to the divide-and-rule policy of the colonialists. Then, doubts led to disunity and armed conflicts. However, the Tatmadaw systematically formed with those patriots who joined it of their own accord was able to defend the national sovereignty by thwarting the armed conflicts, breakaway attempts and the so-called Yangon government situation. In successive eras, there were attempts to wipe out the Tatmadaw of the political stage. There were political, economic, social and military attacks. In its efforts for peace and stability and the rule of law also, the terrorist groups incinerated villages but shifted blame to the Tatmadaw by accusing it of being the culprit. Moreover, they have spread false online news that their brutal killings of alleged military informants hold the Tatmadaw accountable so that there can be misunderstanding from the international community and pressure. Such attempts must be thwarted through united efforts. As such, the unity within the Tatmadaw must be strong and enduring. The spirit of living in equality and in weal and woe will enable us to overcome any danger.

When it comes to the training sector, constant training is required as scheduled. With enduring training, we will be familiar with and can use modern weapons with courage and confidence. Meanwhile, the capacity of the weaponry must be known and applied efficiently.

Health and fitness is important for performing duties and in family affairs. Dos and don'ts, instructions and directives have been issued for physical and mental health. Individuals need to follow them with a sense of duty. Reading can improve mental spirit. Under the guideline of the head of the Tatmadaw, publications ranging from children's literature to military, science and knowledgeable books as well as newspapers, magazines and journals are being distributed to the military units. Responsible officials need to make sure regular reading, said the Vice-Senior General.

Next, the Vice-Senior General coordinated requirements presented by individuals with officials.

After the meeting, the Vice-Senior General presented foodstuffs produced by the military factories for the Tatmadaw members and families. Daw Than Than Nwe, wife of the Vice-Senior General, also presented local food and cash award for the maternal and child welfare association.

General Maung Maung Aye and wife also presented foodstuffs and sports equipment.

Later, the Vice-Senior General and party cordially greeted those present. 100

---

*From Page 12*

chilies, okra, mustard and aubergines cultivated in the zone and distribute them to battalions and units at cheaper prices of MMK 500 per packet, which are MMK 2,000 cheaper than prevailing market prices, so that families can enjoy a lot of benefits from the seeds and to take measure to coordinate with the quality seed production battalion, which has been assigned duties to produce quality seeds, as soon as possible.

It takes only three months for a 30- or 40-day old aubergine seedling to bear 15 to 20 fruits (about five visses). One viss of aubergine fetches about MMK 1,000 in the market. Similarly, it costs MMK 500 to buy a packet of about 1,000 chili seeds, which can produce enough chili for a barrack for six families and surplus can be sold. Chili plants grown from a packet of seeds can bear 70 viss of chili as a chili plant can bear 10 ticals of the fruit. As one viss of green chili fetches MMK 7,000, families in Bahtoo station can enjoy profits of MMK 400,000 if they cultivate chili properly. They have enjoyed benefits and earned extra incomes from cultivation of chili.

Then, the Vice-Senior General and party proceeded to the integrated farm (Bahtoo San) of the Tatmadaw (Army) Combat Forces Training School (Bahtoo) and inspected the cultivation of one acre of potatoes and eight acres of summer paddy by developing farmland after building a small dam with the assistance of the Irrigation and Water Utilization Management Department. The commandant and responsible officers of the Tatmadaw (Army) Combat Forces Training School (Bahtoo) reported to the Vice-Senior General on tasks being carried out. After hearing the reports, the Vice-Senior General asked questions on matters of interest and coordinated the needs.

Then, the Vice-Senior General and party proceeded to the integrated agriculture and livestock breeding farm of the Tatmadaw (Army) Officer Training School (Bahtoo) inspected the breeding of layers, broilers, DYL pigs and dairy cows and cultivation of seasonal crops and gave necessary instructions. The Vice-Senior General also inspected the seasonal crop farm and the dairy cow and pig breeding farms of the Tatmadaw (Army) Warrant Officer and Sergeant Training School and gave necessary instructions to responsible officers. 100

---

# Myanmar, Nepal to promote trade, tourism sectors

**Yangon April 8**

General Secretary of UMFCCI Daw Khaing Khaing New said that Myanmar and Nepal would promote trade and tourism sectors including direct export of marine and agricultural produce.

Both countries decided to operate direct trade of pulses and beans while managing exchange of visits between Myanmar and Nepalese travellers in the tourism sector and running airlines.

"On 28 and 29 March, the Nepalese ambassador to Myanmar together with diplomats and businesspersons held a meeting with UMFCCI president and CEC members. Both sides decided to operate trading of marine products and pulses and beans online. Moreover, both sides agreed to exchange travellers of both countries and run direct flights of Yangon-Lumbini and Mandalay-Lumbini routes," she added.

Myanmar citizens go to Budh Gaya of Nepal for pay homage to Buddha. This year's number of travellers to Nepal is larger than those before the Covid-19. Hence, Yangon-Lumbini and Mandalay-Lumbini flights will be operated between the two countries. ASH

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets officers, other ranks, instructors and trainees of Military Computer and Technological Institute in Hopong Station





Vice-Senior General Soe Win meets instructors and students of Military Computer and Technological Institute in Hopong Station.

**Nay Pyi Taw April 8**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by Chief of General Staff (Army, Navy and Air) General Maung Maung Aye, senior military officers of Office of the Commander-in-Chief of Defence Services and the Commander of Eastern Command, met officers, other ranks, instructors and trainees of Military Computer and Technological Institute in Hopong Station at the institute's training hall this morning.

In his address delivered at the meeting, the Vice-Senior General spoke of malpractice in voter list in the 2020 General Election to unjustly win the election, ignorance by officials including the then UEC over the request to solve the malpractice, other parties' request to the Tatmadaw to solve the issue, summoning the Hluttaw to forcibly take the power without solving the malpractice in voter list, and the Tatmadaw's move to take the responsibilities of the State in accordance with the 2008 Constitution in order that the democracy system will not be unsteady.

He said the trainees are to study the subject they learnt to be professionally skilful as they will be used as engineering experts needed in the units of the Tatmadaw. It is necessary for them to effectively apply the academic subjects they learnt in the practical field.

It is necessary to fully help engineering matters in the development tasks of the region you are posted as well as those for engineering related human resources. Despite the academic learners, as the trainees are in Tatmadaw uniform pledging the Four Solemn Vow of the Tatmadaw, they are to exactly follow the order, directive and rules of the Tatmadaw. As it is the Tatmadaw who are well-disciplined and follow the order well, it has defended various threats and dangers to the nation toweringly since it was formed. The basic point of discipline is to do what to do and not to do what is prohibited. It is necessary for you and your family to stay away from prohibition such as narcotic drugs and gambling. In discharging duties, it is necessary not to take unlawful acts to maintain the dignity of your school and the Tatmadaw.

Regarding health, it is necessary to do fitness exercises set on a day basis without fail. It is needed to be balanced in physical exercises and nutrition as well as to avoid betel, cigarette and liquor consumption and entertainment behaviour that are harmful to your health.

These days, some are criticizing and attacking the nation in various ways in order that the nation will be under their influence. To become a puppet government, some organizations supporting terrorism and some powerful countries are apparently instigating the organizations that are with a firm proof as terrorist groups. As some media are propagandizing lies with the assistance from such countries, it is necessary to let your families read good literature and know true news in order that they will realize what is right and what is wrong and analyse what is true and what is false.

It is learnt that financial issues were found in some cases breaching the military rules. According to the Serviceman Code of Conduct, it is necessary for a serviceman to be on his budget and to stay away from the gambling. It is to be aware that such financial issues, gambling and entertainment behaviour cause harmfulness to the security of the Tatmadaw.

In building a modern Tatmadaw, the role of intellectuals and intelligentsia has become more inclusive and important. It is necessary not to be content with what you have learnt and to constantly make efforts to be more skilful.

After the meeting, the Vice-Senior General presented foodstuffs manufactured by Tatmadaw factories to the trainees through officials and Chief of General Staff (Army, Navy and Air) General Maung Maung Aye sports wares and equipment.

Later, the Vice-Senior General and party cordially greeted the trainees. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 11*

Profits from the agricultural sector will obtain costs for using solar system. Temporary dams can be built on creeks and drains for pumping water. Trees should be grown along both sides of creeks to be water shedding. Setting fire to forests, forest fire and setting fire to waste in farmlands cause air pollution, hazard to the health of the people. It is necessary to seek other ways and means for setting fire to waste of farmlands rather than making fertilizers for cultivation. All have to create the clean environment. All have to conserve trees and forests for environment and do agricultural tasks. Local people still missing chances to consume electricity are using firewood for cooking. The country sees 8 per cent decline of deforestation across the nation. Hence, it is necessary to conserve forests not to cause dryness of water.

Regarding the use of underground water, it is necessary to plant watershed forest trees and conserve and use water in a systematic manner. When it rains, the water they get is stored properly and used aggressively. If water can be conserved in dry streams and ditches, underground water can be obtained. In order to obtain water, people must create it. If we can conserve water, we will have enough water for agriculture and drinking.

If enough water is available to carry out agricultural activities, it will be possible to carry out additional crops, so farmers will get more income. Improving agricultural yield and planting crops will be more productive. If more crops are produced, farmers' income will increase, food for the country will also increase, and the country's income will increase as it can be exported to foreign countries. Therefore, we need to take action to improve to plant the additional crops.

Due to the lack of self-sufficiency of cooking oil in our country, we have to import oil from abroad every year. Oil crops are grown in the country, but there is no domestic oil self-sufficiency. Therefore, it is being carried out as a national duty to ensure oil self-sufficiency. It is necessary to increase the yield of oil crops. If it is planted properly, the goals will be met and there will be self-sufficiency in cooking oil. Regarding sunflower cultivation, the consumption of sunflower oil in the country is low. Sunflower has been cultivated successfully in the country and the yield is good. Therefore, the relevant ministries have been assigned the task of improving sunflower cultivation. The sunflower cultivation activities can be carried out in Tatkone area. If this can be done, Nay Pyi Taw can become a big oil pot of Myanmar. Therefore, we are managing the availability of water required for agriculture.

In order to be able to carry out agricultural activities successfully, it is necessary to have a good bred, to get enough manure, to obtain enough water for cultivation and to plant in a systematic way. If these four points can be carried out in an orderly manner, the goals and objectives will be met. We need water and land to be used efficiently. Therefore, if the agricultural activities are carried out systematically, it will bring many benefits to the Tatkone area. Fertilizers are imported from abroad every year. We are planning to re-operate the fertilizer factories in the country. In order to reduce the import of fertilizers from abroad, it is necessary to use the waste products produced from the production of natural fertilizers and the proper breeding of livestock as biological fertilizers. To be able to carry out agricultural activities related to livestock activities, it is possible to carry out meat production and milk production from animal husbandry. There is already a livestock breeding zone in the township, so we need to be able to carry out breeding as a model. I want them to be proud of their area by carrying out farming and breeding activities successfully in the township.

Regarding the land, it was found that agricultural land is being used in other ways. Our country is a country that earns its living through agriculture and livestock, so we need to consider and take action to ensure that agricultural land does not decrease. Therefore, we want the farmers who own the land to value their land. Officials also need to deal properly with the farm land law. The state wished for the economic development of the agricultural farmers in the area. The development of the country is not for the government, but for the development of the country. The strength of the country is only existed within it. Rather than exploiting underground resources, the state wants it to successfully carry out agricultural activities that are resources on the ground. If it is carried out in a systematic way, it will be possible to carry out the business successfully. Therefore, everyone needs to make an all-round effort with awareness, and the Senior General warmly greeted the farmers.

After that, the Senior General inspected the operation of the Shadaw solar water system and the distribution of agricultural water. The solar water system is very beneficial for areas that need agricultural water and therefore, the solar irrigation system needs to be implemented through a cooperative system to enable farmers to use it widely, and other necessary guidelines are ordered.

After that, the Senior General and the members visited and inspected the systematic development of 79.88 acres of agricultural land in Gway Pin (model) village. By planting in one-acre plots, as well as being able to accommodate more plots, the yield potential will also improve. Similarly, planting and harvesting will be done with modern equipment. By constructing production roads, agricultural products will be able to be transported easily and quickly. In the Nay Pyi Taw council area, farmers will be able to earn more by carrying out the main crops cultivation activities such as rice, beans, corn and sunflower. It is necessary for those in charge to find a way to achieve the goal of planting crops. As our country is a country that mainly engages in agriculture, if we can improve it, manufacturing activities will improve and agricultural products produced will be able to be exported to foreign countries, which will greatly contribute to the development of the country's economy.

100

# Issuance of Global GAP to avocado farmers in coming season

**PyinOoLwin April 8**

Efforts will be made for helping avocado farmers get Global GAP certificate in coming season, said joint general secretary U Myo Nyunt.

As foreign purchasers offer to buy avocado of Myanmar, local growers cultivate avocado plants in Global GAP system. Hence, efforts will be made for helping those growers get Global GAP certificates in coming harvest season from March to May.

"Some avocado farms will follow GAP guidelines for using inputs in line with the GAP. Now, we intend Global GAP. It is being led by Shan Avocado Co Ltd. Global GAP is purposed for export. So, these farms are being undertaken for meeting the foreign demands. The association tries to help local farmers get Global GAP certificates," he added.

Efforts are being made for getting Global GAP certificates. Some commercial scale farms are being operated under the Global GAP system so as to produce avocado fruits in line with the Global GAP export rules. 185

# Beikthanoe art gallery to organize International Art Exhibition 2023 from 1 April to 31 May

**Yangon April 8**

The International Art Exhibition 2023 of 25 foreign artists from 10 countries will be staged at Beikthanoe Art Gallery in Mayangon Township of Yangon Region from 1 April to 31 May, said art gallery owner Artist Beikthanoe Tin Win.

A total of 25 foreign artists from the United States, Britain, Japan, South Korea, North Korea, Taipei, Hong Kong, Malaysia, Singapore and Thailand will showcase 50 artistic works.

"It is an international artistic show. Expert North Korean artist, all remaining artists had experienced visits to Myanmar. Hence, their artistic works bear nature of Myanmar, portraits of ethnic people and other works. All artists are famous in their native countries. Their artistic works are attractive to the enthusiasts," said the owner.

The gallery for exhibition will be opened from 9 am to 5 pm daily during the period from 1 April to 31 May. The artistic works can be seen in 24x24 inches, 36x24 inches, 18x24 inches and 18x18 inches frames with water coloyr, oil colour and acrylics. ASH

# Nipa bud and related products secure first prize in national product contest

**Nay Pyi Taw April 8**

Nipa bud and related products from Kyaukpyu Township in Rakhine State secured the first prize in the national domestic product contest held in Nay Pyi Taw, said Daw Hay Mar San, proprietor of Hein Shwe Yaung domestic product.

MSME businesspersons across the nation participated in the contest with personal goods, cosmetics and foodstuffs. Among them, nipa buds and related products from Rakhine State secured the first prize as the best foodstuff.

"Awards were categorized for different products such as weaving and lacquerware. First, second and third prizes were set for foodstuffs. Among then, I secured the first for foodstuffs," she said.

In the contest, wine, nipa molasses, cocktail and nipa jam produced by Hein Shwe Yaung Industry of Kyaukpyu participated in the contest.

Although nipa buds from Rakhine coast are made to be various products, they are difficult to penetrate the market. ASH





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးမြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

☆ **ကျောဖုံးမှအဆက်**

ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဗထူးတပ်နယ်ရှိ တပ်မတော်ဆေးရုံ၊ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းနှင့် တပ်နယ်အတွင်း စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဖွဲ့ဝင်များလိုက်ပါ၍ ဗထူးမြို့ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ ရောဂါအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်သည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးမြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ရောဂါအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများပေးအပ်စဉ်။**

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့်ကလေးကုသဆောင်သို့ သွားရောက်၍ ဆေးရုံတက်ရောက် ကုသလျက်ရှိသည့် လူနာများကို လိုက်လံကြည့်ရှု အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးတို့သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေနှင့် ဆေးရုံအတွက် အလှူငွေများကို ပေးအပ်ရာ ဆေးရုံတပ်မှူးက လက်ခံရယူသည်။

ယင်းနောက် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ သုံးထပ်စာသင်ဆောင်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)နှင့်တပ်မတော်(ကြည်း) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းတို့မှ ကျောင်းအုပ်ကြီးများက သင်တန်းကျောင်းများအလိုက် လေ့ကျင့်သင်ကြားပို့ချမှုဆိုင်ရာကိစ္စရပ်များနှင့် တပ်တည်ဆောက်ရေးလုပ်ငန်းကြီး(၄)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များမေးမြန်း၍ လေ့ကျင့်သင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့် ကျောင်းအုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းသို့သွားရောက်၍ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးဇုန် စုစုပေါင်း ၅၅ ဧက တည်ဆောက်ထားရှိမှုအခြေအနေ၊ ရာသီသီးနှံနှင့် မြေအစားထိုးသီးနှံ စိုက်ပျိုးထားရှိမှုများ၊ Green House အတွင်း စိုက်ပျိုးထားရှိမှုများနှင့် ကျောက်စိမ်းတစ်သျှူးငှက်ပျော(သီးမွှေး) စိုက်ပျိုးထားရှိမှုများ၊ DYL မျိုးမြင့် သားပေါက်ဝက်များနှင့် မြေစိုက်ရေခံ အဆောက်အအုံနှင့် လေလုံအအေးပေးအဆောက်အအုံအတွင်း ဥစားကြက်များ မွေးမြူထားရှိမှု၊ နို့စားနွားနှင့် အသားတိုးနွားများ မွေးမြူထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ဆောင်ရွက်ရာတွင် အမှန်တကယ် အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်ကြရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ချက်အတိုင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်အသား၊ ငါး၊ အသီးအရွက်များကို တပ်ရင်း၊ တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် လုံလောက်ဖူလုံစွာ ရရှိနိုင်ရန်နှင့် ပိုလျှံပါက နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးအတွက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချရန်၊ စံပြစိုက်ပျိုးမွေးမြူရေးဇုန် ဖြစ်သည်နှင့်အညီ ဒေသတွင်း စံပြဖြစ်အောင်နှင့် အောင်မြင်ဖြစ်ထွန်းအောင် ရည်မှန်းချက်ထား၍ မရပ်မနား ကြိုးပမ်းဆောင်ရွက်သွားရန်၊ သုတေသနပြုလုပ်ထားသည့် မျိုးစေ့များနှင့် ဝက်မျိုးသန့် မျိုးကောင်းများကို တပ်မတော်တစ်ရပ်လုံး ဖြန့်ဝေနိုင်သည်ထိ ရည်မှန်းချက်ထားဆောင်ရွက်ရန်နှင့် ဘရာမင်အသားတိုးနွား မျိုးချောင်းသုတေသနလုပ်ငန်းကိုလည်း အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

၎င်းနောက် စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း ရွှေဖရုံ၊ ဘူး၊ တိုင်ထောင်ပဲ၊ ငရုတ်၊ ရုံးပတီ၊ မုန်ညှင်းနှင့် ခရမ်းများကို မျိုးကောင်းမျိုးသန့်များအဖြစ် အဆင့်ဆင့်မျိုးစေ့ထုတ်လုပ်ပြီး တပ်ရင်း၊ တပ်ဖွဲ့များက မျိုးစေ့တစ်ထုပ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ပြင်ပပေါက်ဈေးထက် ငွေကျပ် ၂၀၀၀ ခန့် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခြင်း၊ ရောင်းချသည့်မျိုးစေ့မှ မိသားစုများ အကျိုးအမြတ်များစွာရရှိစေခြင်း၊ တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့အားလုံးသို့ မျိုးကောင်းမျိုးသန့် မျိုးစေ့များဖြန့်ဝေနိုင်ရေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တာဝန်ပေးထားသည့် မျိုးသန့်မျိုးစေ့ထုတ်လုပ်ရေးတပ်နှင့် ညှိနှိုင်း၍ အမြန်ဆုံးဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ကြောင်း၊ အဆိုပါဇုန်အတွင်း **စိုက်ပျိုးထားရှိသည့် ခရမ်းမျိုးစိတ်မှာ** **စာမျက်နှာ ၁၉ သို့**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ဗထူးမြို့ တပ်မတော်ဆေးရုံရှိ အမျိုးသမီးနှင့် ကလေးကုသဆောင်သို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများကို လိုက်လံကြည့်ရှု အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ကျောင်းအုပ်ကြီးများ၏ တင်ပြမှုများနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားစဉ်။**

**စာမျက်နှာ ၁၈ မှအဆက်**

**ဒေသမျိုးရင်းဖြစ်ပြီး ပျိုးသက်အနေဖြင့် ရက်ပေါင်း ၃၀ မှ ရက် ၄၀ ခန့်ကြာမြင့်ကာ စိုက်ပျိုးပြီး သုံးလအတွင်း စတင်အသီးသီး**ကြောင်း၊ **ခရမ်းပင်သီးနှံမှာ တစ်ပင်လျှင် ပျမ်းမျှ ၁၅ လုံးမှ အလုံး ၂၀ ငါးပိဿာခန့်ရှိပြီး ခရမ်းသီးတစ်ပိဿာလျှင် ပြင်ပပေါက်ဈေး ငွေကျပ် ၁၀၀၀ ရှိ**ကြောင်း၊ အလားတူ **ရှောက်မျိုးထုပ် တစ်ထုပ်လျှင် ငွေကျပ် ၅၀၀ ရှိပြီး မျိုးစေ့ ၁၀၀၀ ခန့် ပါဝင်ကာ ငွေကျပ် ၅၀၀ ကုန်ကျခံပါက စစ်သည်ခြောက်ခန်းတွဲ လိုင်း တစ်လိုင်းအတွက် လုံလောက်ဖူလုံသည့်အပြင် ပိုလျှံရှောက်သီးများကို ရောင်းချနိုင်သဖြင့် အပိုဝင်ငွေရရှိနိုင်**ကြောင်း၊ **ရှောက်တစ်ပင်မှ ရှောက်သီးခန့်မှန်း ၁၀ ကျပ်သားခန့် ထွက်ရှိပြီး ရှောက်မျိုးစေ့ တစ်ထုပ်လျှင် ခန့်မှန်းပိဿာ ၇၀ ခန့် ရရှိမည်ဖြစ်ရာ ရှောက်သီးအစို တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ခန့် ရရှိနိုင်သဖြင့် အမှန်တကယ် ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးနိုင်ပါက ကုန်ကျစရိတ်နုတ်ပြီး ငွေကျပ် ၄၀၀၀၀၀ ကျော်ခန့်အမြတ်ရ၍ ဗထူးတပ်နယ် မိသားစုများမှ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေများရရှိနေ**ကြကြောင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် များစွာ အကျိုးဖြစ်ထွန်းကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ပေါင်းစည်းလယ်ယာ (ဗထူးစမ်း)သို့ သွားရောက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ အကူအညီဖြင့် ရေကျော်တမံအသေး တည်ဆောက်လျက် လယ်မြေသစ်များ ဖော်ထုတ်၍ ၎င်းလယ်မြေများတွင် အာလူး တစ်ဧကနှင့် နွေစပါး ရှစ်ဧက စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်ပြီး **စာမျက်နှာ ၂၀ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့်လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးခုန်အတွင်း သီးနှံများစိုက်ပျိုးထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မျိုးစေ့မျိုးသန့်ထုတ်လုပ်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့်လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးခုန်အတွင်း နေပီယာမြက်စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့်လေ့ကျင့်ရေးတပ်ရင်းရှိ ဥစားကြက်များ မွေးမြူထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

စာမျက်နှာ ၁၉ မှအဆက်

ရှင်းလင်းတင်ပြခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (ဗထူး) ပေါင်းစည်းလယ်ယာစနစ် စိုက်ပျိုး၊ မွေးမြူရေးခြံသို့ သွားရောက်ပြီး ဥစားကြက်၊ အသားတိုးကြက်၊ DYL ဝက်နှင့် နို့စားနွားမွေးမြူထားရှိမှု၊ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ တပ်မတော်(ကြည်း) အရာခံနှင့်အကြပ်ကြီးသင်တန်းရှိ ရာသီသီးနှံစိုက်ခင်းများ၊ နို့စားနွားနှင့် ဝက် မွေးမြူရေးခြံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက အာလူး တစ်ကေနှင့် နွေစပါး ရှစ်ကေ စိုက်ပျိုးထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး) ပေါင်းစည်းလယ်ယာ(ဗထူးစမ်း)၌ အာလူး တစ်ကေနှင့် နွေစပါးရှစ်ကေ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့်လေ့ကျင့်ရေးတပ်ရင်း၌ နို့စားနွားနှင့် DYL မျိုးမြင့် သားပေါက်ဝက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၉-၄-၂၀၂၃ (တနင်္ဂနွေနေ့)

၁။ ဝ၈း၀၀ မြန်မာ့ယဉ်ကျေးမှုအနုပညာ

၂။ ၁၁း၀၀ အဖြေညှိစရာ ပဟေဠိကမ္ဘာ

၃။ ၁၄း၁၀ First Step

၄။ ၁၅း၂၅ Our Travelling

၅။ ၂၁း၂၀ စိတ်ဝင်စားစရာ ပုံပြင်ကမ္ဘာ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မိုင်းပျဉ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မိုင်းပျဉ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် မိုင်းပျဉ်းတပ်နယ်မှ အရာရှိ၊စစ်သည်၊မိသားစုများကိုသွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မိုင်းပျဉ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် တပ်မတော်သည် အဖွဲ့စနစ်မှစတင်၍ အစုအဖွဲ့အလိုက် ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်ရသော အမျိုးသားရေးအင်အားစုကြီးဖြစ်၍ စည်းလုံးညီညွတ်မှုသည်အလွန်ပင်အရေးကြီးကြောင်း၊ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ ပေးအပ်သောတာဝန်များအရ ကြီးလေးသောနိုင်ငံတော်တာဝန်များကို ခေတ္တထိန်းသိမ်းတာဝန်ယူထားသည့်ကာလဖြစ်၍ နိုင်ငံ့အရေးအတွက် အားလုံးပိုမိုကြိုးပမ်းလုပ်ဆောင်ရန်လိုကြောင်း။ နိုင်ငံတော်အနေဖြင့် လွတ်လပ်ရေးရပြီး ၇၅ နှစ်ကျော်ကာလအတွင်းတွေ့ကြုံခဲ့ရသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ချိန်တိုင်းတွင်လည်း တပ်မတော်သည် နိုင်ငံအတွက် မားမားမတ်မတ်ရပ်တည်ခဲ့ကြောင်း။

ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုတို့ကြောင့် တစ်ပြည်တည်းနေတစ်ရေတည်းသောက်တစ်အူထုံ့ဆင်း သွေးချင်းများဖြစ်သော်လည်း တိုင်းရင်းသားရေး၊အယူဝါဒရေး၊ ဘာသာရေးစသည်ဖြင့် အယူဝါဒအမျိုးမျိုးကွဲပြားမှုများဖြစ်ပေါ်ခဲ့ရပြီး သွေးရင်းညီအစ်ကိုအချင်းချင်း သံသယများရှိလျက် စည်းလုံးညီညွတ်မှု ပျက်ပြားရာမှ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့ကြောင်း၊သို့သော်လည်း စုစည်းညီညွတ်မှုခိုင်မာအားကောင်းသော၊ စနစ်တကျဖွဲ့စည်းလေ့ကျင့်ထားသော၊ မျိုးချစ်စိတ်အရင်းခံ၍ မိမိဆန္ဒအလျောက် တာဝန်ထမ်းဆောင်ကြသူများဖြင့် ဖွဲ့စည်းထားသည့် တပ်မတော်မှပင် အဆိုပါလက်နက်ကိုင်ပဋိပက္ခများ၊ ခွဲထွက်မည့်အန္တရာယ်များနှင့် လွတ်မြောက်နယ်မြေကြံစည်ခြင်းများအပြင် ရန်ကုန်အစိုးရဟုပင်ခေါ်ဆိုခံရသည့်အခြေအနေမှ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ထိုသို့မိမိတို့တပ်မတော်ရှိနေ၍လည်း တပ်မတော်အား နိုင်ငံရေးဇာတ်ခုံမှအပြီးတိုင်ဖယ်ရှားရန် အစဉ်အဆက်ကြိုးပမ်းမှုများခံခဲ့ရကြောင်း၊ ယနေ့အချိန်အခါတွင် ပို၍ပင် တပ်မတော်ပြိုကွဲရေးကိုကြိုးပမ်းလျက်ရှိရာ နိုင်ငံရေးအရ၊စီးပွားရေးအရ၊ လူမှုရေးအရ၊ စစ်ရေးအရ ထိုးနှက်မှုများဆောင်ရွက်လာခဲ့ပြီး တပ်မတော်၏ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ဆောင်မှုများတွင်လည်း နိုင်ငံတကာ၏ အထင်လွဲမှားမှုနှင့် ဖိအားပေးမှုများဖြစ်ပေါ်စေရန် အကြမ်းဖက်အဖွဲ့များဖြင့် ကျေးရွာများကိုမီးရှို့မှုအား တပ်မတော်မှ မီးရှို့သောအသွင်ဖြင့်လုပ်ဆောင်ကာ အကြမ်းဖက်အဖွဲ့များ၏ အုပ်စုလိုက်ရက်ရက်စက်စက် ဒလန်သတင်းပေးသတ်မှတ်၍သတ်ဖြတ်မှုအပေါ်တွင်လည်း တပ်မတော်မှသတ်ဖြတ်မှုအဖြစ်စွပ်စွဲ၍ တရားခံဖြစ်စေရေးစသည်ဖြင့် လူမှုကွန်ရက်များတွင် ဝါဒဖြန့်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အဆိုပါလုပ်ကြံအကျပ်ကိုင်မှုများကို စုစည်းညီညွတ်သောစွမ်းအားဖြင့် ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး တပ်တွင်းစည်းလုံးညီညွတ်မှုကို ရေပက်မဝင်သည့် စည်းလုံးမှုအဖြစ် ခိုင်မာကျစ်လျစ်အောင်ဆောင်ရွက်နေရန်လိုကြောင်း၊ သာတူညီမျှ အေးအတူပူအမျှစိတ်ဓာတ်ကို အခြေခံသောပေါင်းစည်းသောစွမ်းအားသည် မည်သည့်အန္တရာယ်ကိုမဆို ရင်ဆိုင်ဖြတ်ကျော်နိုင်မည်ဖြစ်ကြောင်း။

လေ့ကျင့်ရေးနှင့်ပတ်သက်၍ သတ်မှတ်ညွှန်ကြားထားသော လေ့ကျင့်ရေးအချိန်ဇယားများနှင့်အညီ မပြတ်လေကျင့်နေရန်လိုကြောင်း၊ လေ့ကျင့်မှုကောင်းမွန်မှသာ တပ်ဆင်ပေးထားသည့် ခေတ်မီလက်နက်ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ပြီး ယုံကြည်မှုဖြင့်ရဲရဲဝံ့ဝံ့လုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း တပ်ဆင်ပေးထားသောလက်နက်ကိရိယာများ၏ စွမ်းပကားကိုသိရှိပြီး မှန်ကန်စွာဖြင့် ထိထိရောက်ရောက်အသုံးချနိုင်ရန်လိုကြောင်း။

**စာမျက်နှာ ၂၃ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်စက်ရုံများမှထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ဒေသထွက်စားသောက်ဖွယ်ရာများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ဒေသထွက်စားသောက်ဖွယ်ရာများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဟိုပုံးတပ်နယ် တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံကျောင်းမှ နည်းပြများနှင့်သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဟိုပုံးတပ်နယ် တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံကျောင်းမှ နည်းပြများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့လိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ဟိုပုံးတပ်နယ် တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းရှိ နည်းပြများနှင့်သင်တန်းသားများကို အဆိုပါကျောင်းသင်တန်းခန်းမ၌သွားရောက်တွေ့ဆုံအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် ၂၀၂၀ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲကို မတရားအနိုင်ရယူရန် မဲမသမာမှုပြုခဲ့မှု၊မဲမသမာမှုအပေါ် UEC အပါအဝင် တာဝန်ရှိသူများကို ဖြေရှင်းပေးရန်တောင်းဆိုသော်လည်း လျစ်လျူရှုခဲ့မှု၊ အခြားသောပါတီများက ကျေနပ်မှုမရှိ၍ တပ်မတော်အပေါ် ဖြေရှင်းပေးရန် တောင်းဆိုခဲ့မှု၊ မဲမသမာမှုကို ဖြေရှင်းရန်မကြိုးစားဘဲ လွှတ်တော်ခေါ်ယူ၍ အဓမ္မအာဏာရယူရန်ကြိုးစားခဲ့မှု၊ တပ်မတော်က ဒီမိုကရေစီစနစ်ယိုင်လဲမှုမရှိစေရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံ၏အချုပ်အခြာအာဏာကိုထိန်းသိမ်းခဲ့မှုတို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် တပ်မတော်ရှိ တပ်ရင်းတပ်ဖွဲ့များတွင် လိုအပ်သော အင်ဂျင်နီယာ လုပ်ငန်းဆိုင်ရာများတွင် ပညာရှင်အဖြစ် အသုံးချနိုင်ရန်ဖြစ်၍ မိမိသင်ကြားထားသည့် ဘာသာရပ်များကို Professional ကျကျ တတ်မြောက်သည်အထိ လေ့လာသင်ကြားကြရန်လိုကြောင်း၊ မိမိတတ်မြောက်ထားသည့် ဘာသာရပ်များကို လက်တွေ့နယ်ပယ်တွင်လည်း ထိထိရောက်ရောက် အသုံးချနိုင်ရန်လိုကြောင်း။

မိမိတာဝန်ထမ်းဆောင်ရာ နယ်မြေဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အင်ဂျင်နီယာဆိုင်ရာကိစ္စရပ်များ၊ အင်ဂျင်နီယာနှင့်ပတ်သက်သည့် လူစွမ်းအားအရင်းအမြစ်ဆိုင်ရာကိစ္စရပ်များတွင်လည်း လိုအပ်လာပါက အပြည့်အဝကူညီပေးနိုင်ရန်လိုကြောင်း၊သင်ကြားပေးသည့် ဘာသာရပ်များအရ ပညာရပ်ဆိုင်ရာများသင်ကြားပေးခြင်းဖြစ်သော်လည်း သစ္စာ၊ မိဋ္ဌာန် လေးချက်ရှတ်ဆို၍ တပ်မတော်ယူနီဖောင်းဝတ်ထားသူများဖြစ်သဖြင့် တပ်မတော်၏ အမိန့်၊ ညွှန်ကြားချက်နှင့်စည်းကမ်းများကို တိကျစွာလိုက်နာရန်လိုကြောင်း စည်းကမ်းကောင်းသော တပ်မတော်၊အမိန့်နာခံမှုကောင်းသော တပ်မတော်ဖြစ်၍ တပ်မတော်စတင်ဖွဲ့စည်းချိန်မှ ယနေ့ထိ နိုင်ငံတော်အပေါ် ကျရောက်လာသော ဘေးအန္တရာယ်အမျိုးမျိုးကို မားမားမတ်မတ်ဖြင့်ရပ်တည်ကာ ကာကွယ်ပေးနိုင်ခဲ့ကြောင်း စည်းကမ်း၏အခြေခံအချက်သည် လုပ်ဆောင်ရန်ရှိသည်ကို လုပ်ဆောင်ခြင်းဖြစ်ပြီး မလုပ်ဆောင်ရန်တားမြစ်ထားသည်ကို မလုပ်ဆောင်ရန်ပင်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး၊ လောင်းကစားကဲ့သို့ တားမြစ်ထားမှုများကို ကိုယ်တိုင်နှင့် မိသားစုများအပါအဝင် ကင်းရှင်းစွာနေထိုင်ရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင်လည်း မိမိ၏ကျောင်းဂုဏ်သိက္ခာ၊တပ်မတော်ဂုဏ်သိက္ခာကိုစောင့်ထိန်းနိုင်ရန် ဥပဒေမဲ့လုပ်ရပ်များ မလုပ်မိစေရန်လိုကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နည်းပြများနှင့် သင်တန်းသားများအတွက် တပ်မတော်စက်ရုံများမှထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်စဉ်။




ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး နည်းပြများနှင့်သင်တန်းသားများအတွက် အားကစားပစ္စည်းများကို ပေးအပ်စဉ်။

ကျန်းမာရေးနှင့်ပတ်သက်၍ ရက်အလိုက်သတ်မှတ်ထားသော ကိုယ်လက်ကြံ့ခိုင်ရေးလုပ်ငန်းစဉ်များကိုမပျက်မကွက်လုပ်ဆောင်ရန်လိုကြောင်း၊ ကိုယ်လက်လှုပ်ရှားမှုနှင့် အာဟာရမျှတစွာ နေထိုင်စားသောက်တတ်ရန် လိုအပ်သကဲ့သို့ ကျန်းမာရေးကိုထိခိုက်စေသော ကွမ်း၊ ဆေးလိပ်၊ အရက်သေစာသောက်စားမှုများနှင့် အပျော်အပါးလိုက်စားမှုများ၊ မူးယစ်ဆေးဝါးကိစ္စရပ်များကိုလည်း ရှောင်ကြဉ်ရန်လိုကြောင်း။

ယနေ့ကာလတွင် နိုင်ငံတော်ကို ၎င်းတို့ဩဇာခံအဖြစ် ၎င်းတို့အလိုကျ နည်းမျိုးစုံဖြင့် ထိုးနှက်တိုက်ခိုက် ဝေဖန်လျက်ရှိကြောင်း၊ ရှုပ်သေးအစိုးရ ဖြစ်ပေါ်လာစေရေး အကြမ်းဖက်မှုကိုအားပေးသောအဖွဲ့အစည်းကြီးအချို့၊အကြမ်းဖက်မှုဟုအထောက်အထားခိုင်လုံစွာရရှိသော်လည်း အဆိုပါအကြမ်းဖက်အဖွဲ့အစည်းအပေါ် ကွယ်ရာတစ်မျိုး၊ နိုင်ငံတကာမျက်နှာစာတွင်တစ်မျိုး ပေါ်ပေါ်တင်တင်ပြောင်ကျကျ အားပေးအားမြှောက်ပြုနေသူများကို နိုင်ငံကြီးအချို့က အားပေးအားမြှောက်ပြုနေကြောင်း၊ ၎င်းနိုင်ငံကြီးအချို့၏ထောက်ပံ့မှုကိုရယူလျက် အချို့သောနိုင်ငံဖျက် မိုးလုံးမွှိုင်းမှသာဝါဒီ မီဒီယာများကလည်း အလိမ်အညာဝါဒဖြန့်မှုများပြုလုပ်နေ၍ မိမိ၏မိသားစုများနားယောင်မှုမရှိစေရေး အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ရန် စာကောင်းပေမွန်များဖတ်ရှုခြင်းနှင့် သတင်းမှန်များ သိရှိနိုင်အောင်ဆောင်ရွက်ပေးခြင်းများပြုလုပ်ကြရန်လိုကြောင်း။

စစ်စည်းကမ်းချိုးဖောက်မှု အချို့တွင်ငွေကြေးဆိုင်ရာကိစ္စရပ်များတွေ့ရကြောင်း၊ စစ်သည်တော်တိုင်း တစ်ဦးချင်းအနေဖြင့် ပြုကျင့်ရမည့် ကျင့်ဝတ်အပါး ၂၀ တွင် "ကိုယ့်ဝင်ငွေနှင့်ထွက်ငွေညီပါစေ"ဟု ပါဝင်သဖြင့် မိမိ၏ ဝင်ငွေနှင့် ထွက်ငွေမျှတစွာသုံးစွဲတတ်ရန်လိုပြီး လောင်းကစားကိစ္စများတွင် မပတ်သက်မိအောင် နေထိုင်ကျင့်ကြံကြရန်လိုကြောင်း၊ ငွေကြေးကိစ္စ၊ လောင်းကစားကိစ္စနှင့် အပျော်အပါးကိစ္စများမှတစ်ဆင့် တပ်မတော်၏ လုံ ခြုံရေးကိုလည်းအနည်းနှင့်အများဆိုသလို ထိခိုက်စေတာကိုလည်း သတိပြုကြရမှာဖြစ်ကြောင်း။

ခေတ်မီတပ်မတော် တစ်ရပ်အဖြစ် တည်ဆောက်ရာတွင် အသိပညာရှင်၊အတတ်ပညာရှင်များ၏ အခန်းကဏ္ဍသည် ပိုမိုကျယ်ပြန့်အရေးပါလာကြောင်း၊ မိမိတတ်သိထားသည်နှင့် ရောင့်ရဲတင်းတိမ်မနေဘဲ ပိုမိုတတ်ကျွမ်းအောင် စဉ်ဆက်မပြတ်ကြိုးပမ်းသွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၂၃ သို့

**စာမျက်နှာ ၂၂ မှအဆက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက နည်းပြများနှင့် သင်တန်းသားများအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက အားကစားပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် နည်းပြများနှင့် သင်တန်းသားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များက တက်ရောက်လာကြသည့် နည်းပြများနှင့် သင်တန်းသားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။




ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက စားသောက်ဖွယ်ရာများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။




ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၏ ဇနီးက စားသောက်ဖွယ်ရာများကိုပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

**စာမျက်နှာ ၂၃မှအဆက်**

လုပ်ငန်းတာဝန်ထမ်းဆောင်မှုနှင့်မိသားစုအရေးအရာကိစ္စများအတွက် ကိုယ်ရောစိတ်ပါကျန်းမာကြံ့ခိုင်မှုသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ကိုယ်စိတ်ကျန်းမာရေးအတွက် ဆောင်ရန်၊ရှောင်ရန်ကိစ္စရပ်များ၊ လမ်းညွှန်ချက်၊ ညွှန်ကြားချက်များအဖြစ်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ တစ်ဦးချင်းကိုယ်စီအသိစိတ်ဓာတ်ဖြင့် ထိန်းသိမ်းလိုက်နာရန်လိုကြောင်း၊စိတ်ဓာတ်ကောင်းမွန်ရေးအတွက် စာဖတ်ခြင်းသည် အကောင်းဆုံးအထောက်အကူပြုမှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကလေးစာပေမှစ၍ စစ်ပညာဆိုင်ရာ၊ သိပ္ပံပညာဆိုင်ရာနှင့် အထွေထွေဗဟုသုတဆိုင်ရာများအပြင် သုတရသစုံလင်စွာဖြင့် နေ့စဉ်သတင်းစာ၊မဂ္ဂဇင်း၊ ဂျာနယ်များကို တပ်များသို့အရောက်ထုတ်ဝေဖြန့်ချိပေးလျက်ရှိကြောင်း၊ ပုံမှန်ဖတ်ရှုလေ့လာနိုင်ရေး တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ ရဲမေများ၏တစ်ဦးချင်းစီ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့်စားသောက်ကုန်ပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်က ဒေသထွက် စားသောက်ဖွယ်ရာများနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီးတို့က စားသောက်ဖွယ်ရာများနှင့် အားကစားပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များကို မိုင်းပျဉ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများက ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု မဟာသင်္ကြန်အကြိုပျော်ပွဲရွှင်ပွဲကျင်းပ





ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ထမ်းများ၏ သင်္ကြန်ယိမ်းအကဖြင့် ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် မေ ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မဟာသင်္ကြန် အကြို ဝန်ထမ်းမိသားစုစတုဒိသာကျွေးမွေး ခြင်းနှင့် ပျော်ပွဲရွှင်ပွဲအခမ်းအနားများကို ယမန်နေ့နံနက်ပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၊ ရုံးအမှတ်(၂)နှင့် ရုံးအမှတ်(၂၉)တို့တွင် ကျင်းပသည်။

အခမ်းအနားများသို့ ဒုတိယဝန်ကြီးချုပ် နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနအကြီးအကဲ များ၊ ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝန်ကြီးဌာနအတွင်းရှိ ဌာနများမှ ဝန်ထမ်းအမျိုးသမီးငယ်များ၏ သင်္ကြန်ယိမ်းအကများ၊ သင်္ကြန်သီချင်းများ ဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ အခမ်းအနားသို့ တက်ရောက်လာသည့် ဝန်ထမ်းများနှင့် စတုဒိသာများကို အတူတကွ သုံးဆောင်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် သင်္ကြန်ယိမ်းအကများ၊ သင်္ကြန်သီချင်းများဖြင့် ဖျော်ဖြေကြသူများ ကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး မြန်မာ့ရိုးရာထုံးတမ်း အစဉ်အလာများနှင့် အညီ သင်္ကြန်ရေပက်ဖျန်းကာ အခမ်း အနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်း ရရှိသည်။ **(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့သည့် တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့ပြန်လည်ရောက်ရှိ၊ ဒေသခံပြည်သူစုစုပေါင်း ၁၉၃၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခဲ့

**နေပြည်တော် မေ ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ မှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးရန် သွားရောက်ခဲ့သည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သည့် တပ်မတော်နယ်လှည့် အထူးဆေးကုသရေး အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည် တော်သို့ ပြန်လည်ရောက်ရှိကြရာ ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တွဲဖက်စစ်ရေး ချုပ် ဗိုလ်ချုပ်ထိန်လင်း၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြား ရေးမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေ ဇေယျာ သီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံ (ခုတင်- ၁၀၀၀)၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုကြိုဆိုပွဲတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်ထိန်လင်းနှင့် ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ကျော်ဇေယျတို့က ဂုဏ်ပြုအမှာ စကားများ အသီးသီးပြောကြားကြပြီး ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဒုတိယ ညွှန်ကြားရေးမှူးက နယ်လှည့်အထူးကု ဆေးအဖွဲ့ကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ် ရာ အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးသက်နိုင် က လက်ခံရယူပြီး နယ်လှည့်ဆေးကုသမှု ဆောင်ရွက်ခဲ့သည့်အခြေအနေကို ရှင်းလင်း ပြောကြားကာ ဂုဏ်ပြုနေ့လယ်စာ အတူတကွသုံးဆောင်ကြသည်။



ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ကျော်ဇေယျ တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးခဲ့သည့် တပ်မတော်နယ်လှည့်အထူးဆေးကုသရေးအဖွဲ့ကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

အဆိုပါ တပ်မတော်နယ်လှည့်အထူး ဆေးကုသရေးအဖွဲ့တွင် ဆေးကုသမှုပါရဂူ၊ ခွဲစိတ်ပါရဂူ၊ သားဖွားမီးယပ်ပါရဂူ၊ ကလေးပါရဂူ၊ အရိုးပါရဂူ၊ မျက်စိပါရဂူ၊ နား၊ နှာခေါင်း၊ လည်ချောင်းပါရဂူ၊ သွားပါရဂူ၊ မေ့ဆေးပါရဂူ၊ ရောဂါဗေဒ ပါရဂူ၊ ဓာတ်မှန်ပါရဂူ၊ ဆေးဝါးဗေဒပါရဂူ၊ ပြည်သူ့ကျန်းမာရေးပါရဂူများ၊ ဆေးမှူးများ နှင့် သူနာပြုအရာရှိ၊ စစ်သည်များပါဝင်ပြီး အဆိုပါအဖွဲ့နှင့်အတူ ရွေ့လျားခွဲစိတ် ကုသယာဉ်၊ ရွေ့လျားဓာတ်မှန်ရိုက်ယာဉ်၊ ရွေ့လျားဓာတ်ခွဲခန်းယာဉ်နှင့် ရွေ့လျား သွားရောဂါခွဲစိတ်ကုသရေးယာဉ်တို့ ပါဝင် ကာ စစ်ကိုင်းဒေသကြီးအတွင်းရှိ ဒေသခံ ပြည်သူများကို မေ ၃ ရက်မှ ယနေ့ထိ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးခဲ့ရာ ဆေးကုသ မှုဆိုင်ရာရောဂါ ၅၃၇ဦး၊ ခွဲစိတ်ရောဂါ ဦးရေ ၁၄၀၊ ကလေးရောဂါ ၁၄၃ဦး၊ သားဖွားမီးယပ်ရောဂါ ၈၂ ဦး၊ အရိုးရောဂါ ၂၀၁ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၈၆ ဦး၊ မျက်စိရောဂါ ၅၈၆ ဦး၊ သွားရောဂါ ၁၃၅ ဦးနှင့် အခြားရောဂါ၂၅ ဦးအပါအဝင် သံဃာတော်များနှင့် ပြည်သူလူထုစုစုပေါင်း ၁၉၃၅ ဦးကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့သည့်အပြင် ကျန်းမာရေးဝန်ကြီး ဌာနအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံရန် လိုအပ် သူ ၃၀၂ ဦးကို ကိုဗစ်-၁၉ရောဂါကာကွယ် ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ သည်။ ၎င်းတို့အနက် မျက်စိခွဲစိတ်ကုသမှု ၂၇ ဦး၊ အထွေထွေခွဲစိတ်ကုသမှုလူနာ ၁၂ ဦးတို့ကို ရွေ့လျားခွဲစိတ်ယာဉ်များဖြင့် ခွဲစိတ်ကုမှုဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ဦးရေ ၁၉၀၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက် လူနာ ၁၇၈ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ် လူနာ၂၄၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်မှုလူနာ ၉၈၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခြင်း များကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်လျက် ရှိသည့် ဒေသခံပြည်သူ ခုနစ်ဦးကို တပ်မတော်ဆေးရုံများသို့ စနစ်တကျ လွှဲပြောင်းကုသမှုများ ဆောင်ရွက်ပေး ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက် လျက်ရှိရာ ယခုကဲ့သို့ တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးကဏ္ဍအရှိန် အဟုန်မြှင့်တင်ရေးတွင် စဉ်ဆက်မပြတ် ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

# မေ ၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦးတွေ့ရှိ

**နေပြည်တော် မေ ၈**

မေ ၇ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၆၃၅ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် လေးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်း ရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၀၉၈ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၅၉၆ ဦး |

# ရတနာပုံနေ့စဉ်သတင်းစာ ထုတ်ဝေမှု ၆ ရက် ခေတ္တရပ်နားမည်

**ရတနာပုံနေ့စဉ်သတင်းစာကို မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၃ ခုနှစ် မေ ၁၃ ရက်(ကြာသပတေးနေ့)မှ မေ ၁၈ ရက်(အင်္ဂါနေ့)ထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး မေ ၁၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါကြောင်း လေးစားစွာအသိပေးအပ်ပါသည်။**

# မိုင်းယန်းမြို့နယ် မိုင်းပေါက်မြို့ မိုင်းပေါက်-မိုင်းဖျန်ဒေသများရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို “ပန်းခင်း”စီမံချက်အဆင့်(၂) အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**နေပြည်တော် ဧပြီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် မိုင်းပေါက်မြို့ မိုင်းပေါက်-မိုင်းဖျန်ဒေသများရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား “ပန်းခင်း”စီမံချက် အဆင့်(၂) အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဧပြီ ၇ ရက် နံနက်ပိုင်းတွင် မိုင်းပေါက်မြို့ခန်းမ၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ UWSA “ဝ” အဖွဲ့မှ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး UWSA “ဝ”အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးလျောက်မိလျှံက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ အသီးသီးပေးအပ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများကလက်ခံရယူကြပြီး ကွင်းဆင်းဆောင်ရွက်ပြီးစီးခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူဝင်မှုကြီးကြပ်ရေးပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းယန်းခရိုင်ဦးစီးမှူးက မိုင်းပေါက်မြို့ရှိ တာဝန်ရှိသူတစ်ဦးထံ ပေးအပ်သည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက မိုင်းပေါက်မြို့အတွင်းရှိ ဒေသခြောက်ခုတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပြီးစီးမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် မိုင်းပေါက်မြို့ မိုင်းပေါက်-မိုင်းဖျန်ဒေသအတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား အိမ်ထောင်စု ၉၇၂၂ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၇၈၉၇ ကတ်အား ထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် ဒေသခံတိုင်းရင်းသားပြည်သူတစ်ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။

# ချမ်းအေးသာစံမြို့နယ်၌ သံဃာတော်များနှင့်ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဧပြီ ၈**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ရန်မျိုးလုံရပ်ကွက် နန်းဦးကျောင်းတိုက် မေ့ပါလကျောင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော် ၇၂ ပါးနှင့် ဒေသခံပြည်သူဦးရေ ၁၇၀ တို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး သံဃာတော် ၇၈ ပါးနှင့် ဒေသခံပြည်သူ ၄၇ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဧပြီ ၈**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသောလူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာClean City၊ Clean Village များဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာသန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရားစေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်းတံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ “မြို့ရွာသန့်ရှင်းရောဂါကင်း စုပေါင်းအမှိုက်ရှင်း” စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး ချမ်းမြသာစည်မြို့နယ် ခုတင် ၃၀၀ ဆံ့ သင်ကြားရေးဆေးရုံဝင်းအတွင်း၊ အပြင်၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့်ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ဖြင့်ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤



ကချင်ပြည်နယ် ပူတာအိုမြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

# သင်္ကြန်ကာလအတွင်း ညောင်ရွှေမြို့ အင်းလေးရေပေါ်သင်္ကြန်ကို ယုတ်မာရက်စက်သောအကြံဖြင့် ဖောက်ခွဲဖျက်ဆီးရန် စီစဉ်လျက်ရှိသည့် အင်းလေး PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များကို အချိန်မီကြိုတင်သတင်းလက်ဦးမှုရယူဖမ်းဆီးရမိ




**နေပြည်တော် မေ ၈**

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏လက်ဝေခံPDFအမည်ခံအဖွဲ့များသည် ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများ၊ အပြစ်မဲ့ပြည်သူများသေကြေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ပျော်ပွဲရွှင်ပွဲများပြုလုပ်နေသည့်နေရာများတွင် မိုင်းထောင်ဖောက်ခွဲခြင်းများ၊ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်အတွက် နိုင်ငံတော်အစိုးရနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ပြည်သူပိုင်အဆောက်အအုံများကို အကြောင်းမဲ့ဖောက်ခွဲဖျက်ဆီးခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထို့ပြင် အင်းလေး PDF အမည်ခံ အကြမ်းဖက်အဖွဲ့သည် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်နှင့်နှစ်စဉ်ကျင်းပပြုလုပ်လေ့ရှိသော မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာတစ်ခု ဖြစ်သည့် သင်္ကြန်ကာလအတွင်း အင်းလေးဒေသ၌ အပြစ်မဲ့ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားမှုကို နှောင့်ယှက်ဖျက်ဆီးရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန်အတွက် ရေပေါ်သင်္ကြန်ပြုလုပ်မည့်နေရာများတွင် ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ရန်စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများက လျှို့ဝှက်စွာသတင်းပေးပို့ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း အင်းလေးဒေသအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေး၊ အကြမ်းဖက်သမားများ၏အန္တရာယ်မှ တားဆီးကာကွယ်နှိမ်နင်းရေးနှင့် အကြမ်းဖက်သမားများအား ကြိုတင်သတင်းလက်ဦးမှုရယူ၍ ဖော်ထုတ်ဖမ်းဆီးခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နေ့၊ ညမပြတ် သတင်းစုံစမ်းစစ်ဆေးဖော်ထုတ်မှုများကြောင့် မေ ၅ ရက် နံနက်ပိုင်းတွင် ညောင်ရွှေမြို့ မိုင်းလီ(၅)ရပ်ကွက်၌ အင်းလေး PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် **လေးလွင်မျိုး(ခ) ကိုမျိုး(ခ) ပူတူး**နှင့် **နိုင်ဇာဝင်း**တို့ကို လက်လုပ်လေသေနတ်တစ်လက်၊ လက်လုပ်ရှေ့ထွက်မိုင်းခြောက်လုံး၊ လက်လုပ်မိုင်းမျိုးစုံ ရှစ်လုံး၊ လက်လုပ်သေနတ်ပြောင်းနှစ်ခု၊ လက်လုပ်ကျည်ရိုက်တံတစ်ခု၊ လက်လုပ်မိုင်းပြုလုပ်ရာတွင် အသုံးပြုသည့် PVC ပိုက်ရှစ်ချောင်း၊ စနက်ကြိုး ခြောက်ချောင်း၊ဝရိန်စက်တစ်လုံး၊ ဖောက်စက် တစ်ခု၊ ကန့် ၁၀ ကျပ်သား၊ ယမ်း ၂၅ ကျပ်သား၊ မီးသွေးမှုန့် ၁၀ ကျပ်သားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ **လေးလွင်မျိုး(ခ)ကိုမျိုး(ခ)ပူတူး**သည် NLD ပါတီအမာခံများဖြစ်သည့် တရားခံပြေး **ကျော်မင်းဟိန်း(ခ)ကျော်ကြီး**နှင့် ကိုစိုင်း(ခ)အင်းဆားကူးတို့၏ ချိတ်ဆက်ပေးမှုဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဖယ်ခုံမြို့နယ် ကာဟန့်ကျေးရွာအနီးရှိ အင်းလေး PDF အမည်ခံ ရင်း(၁၀၀၉)၌ အကြမ်းဖက် ဖောက်ခွဲရေးသင်တန်းကို တစ်လခန့်တက်ရောက်ခဲ့ပြီး လက်လုပ်မိုင်းပြုလုပ်နည်းနှင့် ဖောက်ခွဲနည်းများကို သင်ယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အကြမ်းဖက်သင်တန်းဆင်းပြီးနောက် တရားခံ **လေးလွင်မျိုး(ခ)ကိုမျိုး(ခ)ပူတူး**သည် ညောင်ရွှေမြို့ မိုင်းလီ(၅)ရပ်ကွက်ရှိ ၎င်း၏ နေအိမ်သို့ ပြန်လာခဲ့ပြီး ၎င်းနှင့် တရားမဝင်ပေါင်းသင်းနေထိုင်သူ တရားခံ **နိုင်ဇာဝင်း**နှင့်အတူ လက်လုပ်မိုင်းများကို စတင်စမ်းသပ်ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့ပြင် တရားခံ **လေးလွင်မျိုး(ခ) ကိုမျိုး(ခ)ပူတူး**သည် လက်လုပ်မိုင်းများနှင့် ရှေ့ထွက်လက်လုပ်မိုင်းများကို ကိုယ်တိုင်ပြုလုပ်ကာ ပေါက်ကွဲအားပြင်းထန်သည့်ယမ်းနှင့် မိုင်းများကို ငါးဂါလန်ဆံ့ အဝါရောင်ဆီပုံးများအတွင်းသို့ ထည့်သွင်းကာ အင်းလေးဒေသ၌ အပြစ်မဲ့ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေပေါ်သင်္ကြန်ပြုလုပ်မည့်နေရာများသို့ ရေမျှော၍ အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲဖျက်ဆီးရန် စီစဉ်ထားကြောင်း၊ ထို့ပြင် သင်္ကြန်ကာလအတွင်း ညောင်ရွှေမြို့ပေါ်၌ အများပြည်သူများ ထိတ်လန့်ကြောက်ရွံ့၍ ရေကစားမှုမရှိစေရန်ရည်ရွယ်၍ သင်္ကြန်မတိုင်မီကာလတွင် မြို့နယ်လဝကရုံး၊ မြို့နယ်သမဝါယမရုံးနှင့် မြို့နယ်စည်ပင်ရုံးတို့ကို မိုင်းထောင်ဖောက်ခွဲရန် စီစဉ်ထားကြောင်းနှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ အောင်မြင်ပါက တရားခံပြေး **ကိုစိုင်း(ခ)အင်းဆားကူး**က ငွေကျပ်ငါးသိန်းပေးမည်ဟု ညှိနှိုင်းသဘောတူထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ထွက်ဆိုချက်အရ NLD ပါတီ အမာခံများဖြစ်သည့် တရားခံပြေး **ကျော်မင်းဟိန်း(ခ)ကျော်ကြီး**နှင့်**ကိုစိုင်း(ခ)အင်းဆားကူး**တို့သည် ၎င်းတို့ထောက်ခံအားပေးသည့် NLD ပါတီအနေဖြင့် ရွေးကောက်ပွဲကော်မရှင်၏နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေအရ နိုင်ငံရေးပါတီအဖြစ် အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သောကြောင့် မတ် ၂၉ ရက်မှစတင်၍ နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ကာ ပါတီအား ဖျက်သိမ်းလိုက်ခြင်းအပေါ် ကျေနပ်မှုမရှိ၍လည်းကောင်း၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဟဲဟိုးမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီး၌ အင်းလေးဖောင်တော်ဦးဘုရားနှင့် ရွှေအင်းတိန်ဘုရားများသို့ ဘုရားဖူးရန်လာရောက်သည့် အပြစ်မဲ့ပြည်သူများကို သေကြေပျက်စီးစေရန်နှင့် ထိတ်လန့်ကြောက်ရွံ့စေရန်ရည်ရွယ်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် ဝင်ရောက်လာသည်

စာမျက်နှာ ၂၇ သို့



ကျော်မင်းဟိန်း(ခ)ကျော်ကြီး



ကိုစိုင်း(ခ)အင်းဆားကူး

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် စေခိုင်းသည့် NLD ပါတီအမာခံ တရားခံပြေး နှစ်ဦး၏ မှတ်တမ်းဓာတ်ပုံ။



လေးလွင်မျိုး(ခ)ကိုမျိုး(ခ)ပူတူး



နိုင်ဇာဝင်း
(လေးလွင်မျိုး(ခ)ကိုမျိုး(ခ)ပူတူးနှင့် တရားမဝင်ပေါင်းသင်းနေသူ)

မေ ၅ ရက်တွင် ညောင်ရွှေမြို့ မိုင်းလီ(၅)ရပ်ကွက်၌ လက်နက်၊ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် အင်းလေး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် တရားခံများ၏ မှတ်တမ်းဓာတ်ပုံ။



မေ ၅ ရက်တွင် ညောင်ရွှေမြို့ မိုင်းလီ(၅)ရပ်ကွက်၌ တရားခံများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် လက်နက်၊ ခဲယမ်းနှင့်မိုင်းများ၏မှတ်တမ်းဓာတ်ပုံ။





၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံများ။





၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံများ။

**စာမျက်နှာ ၂၆ မှအဆက်**

ရှမ်းပြည်နယ်(တောင်ပိုင်း) PDF အမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် **ဇော်ဇော်အောင်(ခ)ဆရာကျောင်း** အပါအဝင် အကြမ်းဖက်အဖွဲ့ဝင် ရှစ်ဦး ဖမ်းဆီးခံခဲ့ရသည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ထက်ကြပ်မကွာ လိုက်လံရှင်းလင်းချေမှုန်းမှုများကြောင့် အကြမ်းဖက်အဖွဲ့ဝင် လေးဦးသေဆုံးပြီး လက်နက်မျိုးစုံ ၁၂ လက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းအမြောက်အမြား သိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ ကျေနပ်မှုမရှိသောကြောင့်လည်းကောင်း၊ အင်းလေးဒေသအတွင်း ရေပေါ်သင်္ကြန်ကျင်းပကာ ပျော်ပွဲရွှင်ပွဲများပြုလုပ်၍ စည်ကားမှုတို့အပေါ် မနာလိုမရှုဆိတ်သည့်စိတ်ဖြင့် အပြစ်မဲ့ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားမှုမရှိစေရန်နှင့်ထိတ်လန့်ကြောက်ရွံ့စေရန်အတွက်လည်းကောင်း ရေပေါ်သင်္ကြန်ပြုလုပ်မည့်နေရာများကို ဖောက်ခွဲဖျက်ဆီးခြင်းများလုပ်ဆောင်ရန် ခိုင်းစေခဲ့ပြီး တရားခံ**လေးလွင်မျိုး(ခ)ကိုမျိုး(ခ)ပူတူး**အနေဖြင့်လည်း ငွေကြေးရယူလိုမှုဖြင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် စီစဉ်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကွက်ပြည့်နှင့်ရှာဖွေစစ်ဆေးဖော်ထုတ်မှုတို့ကြောင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးမဆောင်ရွက်နိုင်မီ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်က ထောက်ပံ့ပေးလျက်ရှိသောဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးနှင့် မဟာသင်္ကြန်ကာလအတွင်း ပြည်သူများအေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးတို့အတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။






၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံများ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က) နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းရပ်ကွက်နေ နေခြည်အောင်သည် ၎င်းအသုံးပြုသည့် "Nay Chyi Aung" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ် (၁၈၈)ရပ်ကွက်နေ သဉ္ဇာဦး(ခ) သဲသဲသည် ၎င်းအသုံးပြုသည့် "Thae Thae" Facebook အကောင့်နှင့် ဒဂုံမြို့နယ် ဦးဝိစာရရပ်ကွက်နေ ရွှေစင်ဖြိုးဝင့်သည် ၎င်းအသုံးပြုသည့် "Shwe Zin Phyo Wint" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။



ဖမ်းဆီးရမိသူများကို လက်နက်၊ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် လက်နက်၊ ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် လက်နက်၊ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်ရှိ အိုက်ကော (ခ)လောက်အယ်၏နေအိမ်ကို သတင်းအရ ရှာဖွေရာ ဂွမ်းမိုင်(ခ)မာဂွမ်း၊ အဆာဖနှင့် ဇော်လတ်တို့ သုံးဦးကို M 21 ရိုင်ဖယ် ၁၃ လက်၊ ပါရီအမျိုးအစား ၈၁ ရိုင်ဖယ်ဒင်ခေါက်တစ်လက်၊ .22 Sniper ပါ တစ်လက်၊ ၁၂ ဗိုတစ်လုံးထိုးပြောင်းချောသေနတ်တစ်လက်၊ လက်လုပ်သေနတ်ဒင်ခေါက်တစ်လက်၊ ၇ ဒသမ ၆၂×၃၉ ကျည် ၈၉ တောင့်၊ ကြိုးဆွဲလက်ပစ်ဗုံးတစ်လုံး၊ ကျည်အိမ်မျိုးစုံ ၁၅ ခု၊ လက်နက်ပြုပြင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မွန်းလွဲ ၂ နာရီခွဲတွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက်ရှိ အိုက်ကော(ခ)လောက်အယ်ပိုင်ဆိုင်သည့် နေအိမ်ကို ပူးပေါင်းအဖွဲ့မှဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၅၀၊ ကက်တမင်း ရှစ်ဂရမ်၊စိတ်ပြောင်းဆေးဝါး Happy Water ၉၉ ဂရမ်၊ ကျည်မျိုးစုံ ၂၉ တောင့်နှင့်ဆက်စပ်ပစ္စည်းများကိုထပ်မံသိမ်းဆည်းရမိသဖြင့်၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကယ်လီဖိုးနီးယားပြည်နယ်ရှိ Valero ရေနံချက်စက်ရုံကို ဓာတုပစ္စည်းများ စနစ်တကျစွန့်ပစ်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ သတိပေး



**ဝါရှင်တန် မေ ၈**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်အခြေစိုက် Valero ရေနံချက်စက်ရုံသည် စွန့်ပစ်ဓာတုပစ္စည်းများထိန်းသိမ်းရေး လုံခြုံမှုအားနည်းနေသည့်အတွက် စွန့်ပစ်ဓာတုပစ္စည်းများကို စနစ်တကျသိုလှောင်စွန့်ပစ်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း ABC News သတင်းဌာနက မေ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၂ ခုနှစ်အတွင်း Valero ရေနံချက်စက်ရုံမှ ဓာတုပစ္စည်းများ သိုလှောင်စွန့်ပစ်ရာတွင် စည်းကမ်းဥပဒေဖြင့်မညီညွတ်သည့် လုပ်ရပ်များ ကျူးလွန်ခဲ့သည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက ဒဏ်ကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်း ပေးဆောင်ရန်လည်း မေ ၆ ရက်က ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ယခုနှစ်အတွင်း စွန့်ပစ်ဓာတုပစ္စည်းများ သိုလှောင်စွန့်ပစ်မှုတွင် လုံခြုံမှုအဆင့်အတန်းကို မြှင့်တင်နိုင်ခြင်းမရှိပါက ပိုမိုကြီးလေးသည့် ပြစ်ဒဏ် ချမှတ်သွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက သတိပေးခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီက Valero ရေနံချက်စက်ရုံကို လေထုသန့်စင်မှုအက်ဥပဒေဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သကဲ့သို့ ဥပဒေအရထိုက်တန်သည့် ပြစ်ဒဏ်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပြီး စွန့်ပစ်ဓာတုပစ္စည်းများ စနစ်တကျသိုလှောင်စွန့်ပစ်မှုစနစ်ကို ပြင်ဆင်သွားရန် ၂၀၂၅ ခုနှစ်ထိ အချိန်ပေးထားကြောင်း ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**

# အီတလီနိုင်ငံတွင် မိုးခေါင်ရေရှားပါးမှု တိုက်ဖျက်ရေး အထူးကော်မရှင်နာခန့်အပ်သွားမည်

**ရောမ မေ ၈**

အီတလီနိုင်ငံသည် မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး နှစ်ပေါင်း ၇၀ အတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်နေရကာ မိုးခေါင်ရေရှားပါးမှုပြဿနာ၏ ရိုက်ခတ်မှုကြောင့် အီတလီနိုင်ငံတွင် ဆုံးရှုံးနစ်နာမှုများ မြင့်တက်လာသည့်အတွက် အီတလီအာဏာပိုင်အဖွဲ့အစည်းက မိုးခေါင်ရေရှားပါးမှု တိုက်ဖျက်ရေး အထူးကော်မရှင်နာတစ်ဦးခန့်အပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ITV သတင်းဌာနက မေ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အီတလီအစိုးရက အီတလီနိုင်ငံအတွင်း မိုးခေါင်ရေရှားပါးမှု အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ရန်လည်း ပြင်ဆင်နေပြီး မိုးခေါင်ရေရှားပါးမှုပြဿနာ တိုက်ဖျက်ရေးကိုလည်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ခဲ့ကြောင်း၊ အီတလီနိုင်ငံတွင် ယခင်ကတည်းက မိုးခေါင်ရေရှားပါးမှုပြဿနာ တိုက်ဖျက်ရေးအထူးကော်မရှင်နာ ခန့်အပ်ထားသော်လည်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် သက်တမ်းကုန်ဆုံးသွားပြီဖြစ်သည့်အတွက် အထူးကော်မရှင်နာနေရာ လစ်လပ်နေကြောင်း၊ အီတလီအခြေခံအဆောက်အအုံဝန်ကြီး မက်တီယိုက မိုးခေါင်ရေရှားပါးမှုပြဿနာ တိုက်ဖျက်ရေးအထူးကော်မရှင်နာ ခန့်အပ်ရန်အတွက် လွှတ်တော်တွင် အတည်ပြုသွားမည်ဖြစ်ပြီး မကြာမီကာလအတွင်း ကော်မရှင်နာတစ်ဦးကို ခန့်အပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သို့သော်လည်း ခန့်အပ်သွားမည့်ပုဂ္ဂိုလ်နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ ထုတ်ပြန်ခဲ့ခြင်းမရှိသေးသလို အီတလီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သက်တမ်းကုန်ဆုံးနေသည့် ယခင် အထူးကော်မရှင်နာကိုလည်း တစ်နှစ်သက်တမ်းတိုးခွင့်ရှိကြောင်း အီတလီအခြေခံအဆောက်အအုံဝန်ကြီး မက်တီယိုက ပြောကြားသည်။

**နိုင်းဆက်**

# ချက်နိုင်ငံတွင် ရေလွှမ်းမိုးမှုအန္တရာယ်လျှော့ချရေး ကမ္ဘာ့ဘဏ်က ကန်ဒေါ်လာသန်း ၁၅၀ ပံ့ပိုး

**အန်ဂျမီနာ မေ ၈**

ချက်နိုင်ငံ အန်ဂျမီနာမြို့တွင် ရေလွှမ်းမိုးမှုလျှော့ချရေးနှင့် ရေလွှမ်းမိုးမှုနှင့်ပတ်သက်၍ မြို့ပြကာကွယ်ရေးစီမံကိန်းလုပ်ငန်းများတွင် အဆင့်မြှင့်တင်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာသန်း ၁၅၀ ပံ့ပိုးပေးအပ်သွားရန် မေ ၆ ရက်က ကြေညာချက်ထုတ်ပြန်ထားကြောင်း ရိုက်တာသတင်းဌာနက မေ ၇ ရက်တွင် ရေးသားဖော်ပြထားသည်။

ချက်နိုင်ငံတွင် ရေကြီးရေလျှံမှုများသည် မေလမှ အောက်တိုဘာလထိ နှစ်စဉ်ဖြစ်ပွားလေ့ရှိပြီး အဆိုပါရေကြီးရေလျှံမှုလျှော့ချရေး စီမံကိန်းကို ချက်အစိုးရ၊ ကမ္ဘာ့ဘဏ်နှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်မှုကို ထူထောင်ရန် ရည်ရွယ်ထားကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

“ဒီစီမံကိန်းရဲ့ ရေရှည်မျှော်မှန်းချက်က အန်ဂျမီနာမြို့ကို ရေဘေးဒဏ်ခံနိုင်ရည်ရှိကာ စိမ်းလန်းပြီး ရေရှည်တည်တံ့တဲ့မြို့တစ်မြို့အဖြစ် ပြောင်းလဲဖို့ဖြစ်ပါတယ်”ဟု ကမ္ဘာ့ဘဏ်ဒါရိုက်တာ Clara De Sousa က ပြောကြားသည်။

ချက်နိုင်ငံတွင် ယခင်နှစ်က မိုးစောစောရွာသွန်းခြင်း၊ ရေနုတ်မြောင်းများနှင့် ရေကန်များ အချိန်စော၍ ရေပြည့်လျှံခြင်းနှင့် နှစ်ပေါင်း ၃၀ ကျော်အတွင်း အပြင်းထန်ဆုံး မိုးရွာသွန်းမှုဖြင့် ကြုံတွေ့ခဲ့ရကြောင်း၊ ထောင်နှင့်ချီသောမိသားစုများ ရေဘေးကြောင့် နေအိမ်များကိုစွန့်ခွာခဲ့ရရာ သမ္မတ Mahamat Idriss Deby က နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး စားနပ်ရိက္ခာနှင့် နေစရာနေရာများကဲ့သို့ အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ စီစဉ်ပေးခဲ့ရကြောင်း သိရသည်။

အန်ဂျမီနာမြို့တော် ရေကြီးရေလျှံမှုကာကွယ်ရန်၊ အခြေခံအဆောက်အအုံများ၊ မြို့ပြရေနုတ်မြောင်းစနစ်များ ပိုမိုကောင်းမွန်လာစေရန်နှင့် အရေးပေါ်တုံ့ပြန်ရေးအတွက် ရင်နှီးမြှုပ်နှံမှုများ လုပ်ဆောင်ရန် ယခုကဲ့သို့ ပံ့ပိုးမှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ AZH



# ထိုင်းနိုင်ငံမြောက်ပိုင်းတွင် လေထုညစ်ညမ်းမှု မြင့်တက်သဖြင့် နေအိမ်၌သာနေထိုင်ကြရန်တိုက်တွန်း

**ဗန်ကောက် မေ ၈**

ထိုင်းနိုင်ငံ မြောက်ပိုင်းတွင် လေထုညစ်ညမ်းမှုနှုန်း မြင့်တက်လျက်ရှိသဖြင့် ချင်းမိုင်မြို့တွင် နေထိုင်သူများ တတ်နိုင်သလောက် အိမ်တွင်း၌သာနေထိုင်၍ အလုပ်လုပ်ကြရန် တာဝန်ရှိသူများက တိုက်တွန်းထားကြောင်း First Post သတင်းဌာနက မေ ၇ ရက်တွင် ရေးသားဖော်ပြထားသည်။

ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ယခုလအတွင်း လေထုညစ်ညမ်းမှု မြင့်တက်လျက်ရှိရာ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် လေထုစောင့်ကြည့်ရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် IQ Air ကုမ္ပဏီ၏ ထုတ်ပြန်ချက်များအရ ချင်းမိုင်မြို့သည် ယခုလအတွင်း အိန္ဒိယနိုင်ငံ နယူးဒေလီမြို့နှင့် ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တို့ထက် လေထုညစ်ညမ်းမှု ဆိုးရွားစွာဖြစ်ပေါ်လျက်ရှိသဖြင့် ကမ္ဘာပေါ်တွင် လေထုအညစ်ညမ်းဆုံးမြို့အဖြစ် သတ်မှတ်ခံခဲ့ရကြောင်း သိရသည်။

ချင်းမိုင်မြို့တွင် PM2.5 အမှုန်အမွှားများသည် ကျန်းမာရေးကို ထိခိုက်စေလောက်သော အခြေအနေသို့ ရောက်ရှိသောကြောင့် ဒေသခံများအနေဖြင့် တတ်နိုင်သလောက် နေအိမ်တွင်သာ နေထိုင်၍ အလုပ်လုပ်ကြရန်နှင့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ကြရန် ချင်းမိုင်ခရိုင် အုပ်ချုပ်ရေးမှူး Nirat Pongsittitavorn က တိုက်တွန်းထားကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် မကြာသေးမီရက်ပိုင်းအတွင်း တောမီးလောင်ကျွမ်းမှုများနှင့် စိုက်ပျိုးမြေများ၊ လယ်ယာများ မီးရှို့မှုများကြောင့် မီးခိုးငွေ့များသည် ထိုင်းနိုင်ငံရှိ နာမည်ကြီး ခရီးသွားဒေသများတွင်လည်း မီးခိုးမြူများဖုံးလွှမ်းလျက်ရှိသဖြင့် လေထုအရည်အသွေးကို ဆိုးရွားစွာ ထိခိုက်စေလျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် ယခုနှစ်ဦးပိုင်းမှစတင်၍ စိုက်ပျိုးရေးလုပ်ငန်းများ၊ လယ်ယာမြေများ မီးရှို့မှုများကြောင့် လေထုညစ်ညမ်းမှု ဆိုးရွားစွာမြင့်တက်ခဲ့ရာ ယခုနှစ်အတွင်း အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကြောင့် လူဦးရေ နှစ်သန်းခန့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်လျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖေဖော်ဝါရီလကလည်း လေထုညစ်ညမ်းမှု မြင့်မားခြင်းကြောင့် အိမ်တွင်နေထိုင်၍ အလုပ်လုပ်ကြရန် အာဏာပိုင်များက သတိပေးချက် ထုတ်ပြန်ခဲ့သေးကြောင်း သိရသည်။ AZH

# ကနေဒါနိုင်ငံတွင် နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးပြတ်တောက်သည့်နေအိမ်သန်းနှင့်ချီရှိ

**အော့တဝါ မေ ၈**

ကနေဒါနိုင်ငံ ကွီဘက်ပြည်နယ်နှင့် အွန်တာရီယိုပြည်နယ်တို့တွင် မေ ၆ ရက်က အားကောင်းသည့် နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် သစ်ပင်ကြီးများလဲကျကာ ဓာတ်တိုင်များလဲကျသဖြင့် လျှပ်စစ်မီးပြတ်တောက်နေသည့်နေအိမ် သန်းနှင့်ချီရှိနေကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု CBS သတင်းဌာနက မေ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နှင်းမုန်တိုင်းကြောင့် လူနှစ်ဦးသေဆုံးခဲ့ပြီး သစ်ပင်ကြီးများလဲကျ၍ နေအိမ်တချို့၊ အခြေခံအဆောက်အအုံတချို့နှင့် မော်တော်ကားအမြောက်အမြား ပျက်စီးခဲ့ရသည်။

နှင်းမုန်တိုင်းသည် ကွီဘက်ပြည်နယ်သို့ ကနဦးတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် နေအိမ်အများစုမှာ ကွီဘက်ပြည်နယ်မှဖြစ်ကြောင်း၊ ကွီဘက်ပြည်နယ်တွင် နေအိမ်တစ်သန်းခန့်ထိ လျှပ်စစ်မီးပြတ်တောက်မှုပြဿနာဖြင့် ရင်ဆိုင်နေရပြီး အွန်တာရီယိုပြည်နယ်တွင် နေအိမ် ၁၁၀၀၀၀ ကျော်ထိ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

အဆိုပါပြည်နယ်နှစ်ခုသည် ကနေဒါနိုင်ငံ၏ အဓိကစက်မှုဇုန်များနှင့် စီးပွားရေးလုပ်ငန်းများ တည်ရှိသော ပြည်နယ်များဖြစ်သည့်အတွက် လျှပ်စစ်မီးပြတ်တောက်မှုကြောင့် လုပ်ငန်းလည်ပတ်ရန် အခက်အခဲများရှိလာသည်။

နှင်းမုန်တိုင်းကြောင့် သေဆုံးသူတစ်ဦးမှာ ကွီဘက်ပြည်နယ်မှဖြစ်ပြီး ကျန်တစ်ဦးမှာ အွန်တာရီယိုပြည်နယ်မှဖြစ်သည်။

သေဆုံးသူနှစ်ဦးစလုံးမှာ နှင်းမုန်တိုင်းကြောင့် သစ်ပင်လဲကျရာမှ သစ်ပင်ပိ၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ကနေဒါအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ကနေဒါအစိုးရက နှင်းမုန်တိုင်းအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် ကွီဘက်ပြည်နယ်နှင့် အွန်တာရီယိုပြည်နယ်မှ ကယ်ဆယ်ရေးဝန်ထမ်းများကို ရှင်းလင်းရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ရန် ညွှန်ကြားထားသလို သက်ဆိုင်ရာပြည်နယ်အလိုက် တာဝန်ရှိသူများကိုလည်း လျှပ်စစ်မီး အမြန်ဆုံးပြန်လည်ရရှိရေး ဆောင်ရွက်ရန် ညွှန်ကြားခဲ့သည်။

**နိုင်းဆက်**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## စည်းလုံးညီညာ အောင်ကြောင်းဖြာ

မင်္ဂလာပါသားသား၊ မီးမီးတို့ရေ။ ဦးဦး ဒီတစ်ပတ်ပြောပြမဲ့ပုံပြင်လေးကတော့ စည်းလုံးညီညာ အောင်ကြောင်းဖြာ ပုံပြင်လေးဖြစ်ပါတယ်ကွယ်။

ဟိုးရှေးရှေးတုန်းက တောအုပ်ကြီးအတွင်းမှာ ပုရွက်ဆိတ်တွေကို ဦးဆောင်တဲ့ ပုရွက်ဆိတ်ခေါင်းဆောင်ကြီးရှိသတဲ့ကွယ်။ ခေါင်းဆောင်ကြီးမှာ မောင်ညဏလို့အမည်ရတဲ့ ပုရွက်ဆိတ်သားလေးနဲ့ မောင်ကာယလို့အမည်ရတဲ့ ပုရွက်ဆိတ်သားနှစ်ယောက်ရှိသတဲ့။ ပုရွက်ဆိတ်မောင်ညဏဟာ အမည်နဲ့လိုက်အောင် ဉာဏ်ပညာအလွန်ကောင်းပြီး ပုရွက်ဆိတ်ခေါင်းဆောင်ကြီးရဲ့ အမှုကိစ္စမှန်သမျှကို အကြံဉာဏ်ကောင်းတွေပေးပြီး ကူညီသတဲ့ကွယ်။ ပုရွက်ဆိတ်အပေါင်းတို့ကလဲ မောင်ညဏလေးရဲ့အရည်အချင်းကို သဘောကျပြီး ချစ်ခင်ကြတာပေါ့။ ပုရွက်ဆိတ်မောင်ညဏလိုပဲ ပုရွက်ဆိတ်မောင်ကာယလေးကတော့ ဉာဏ်မကောင်းရှာဘူးကွဲ့။ ဒါပေမဲ့ ပုရွက်ဆိတ်တွေ တတ်အပ်တဲ့ပညာရပ်တွေရအောင် ဖွဲ၊ လုံ့လကို အားထုတ်ပြီး တတ်အောင်သင်ကြားသတဲ့။ ဒါကြောင့် နာမည်နဲ့လိုက်အောင် ခန္ဓာကိုယ်ကြီးကြီးနဲ့ ပုရွက်ဆိတ်တို့ တတ်အပ်တဲ့ပညာတွေကို တတ်မြောက်ပြီး ခေါင်းဆောင်ဖခင်ကြီးကို ကူညီပေးသတဲ့ကွယ်။ မောင်ညဏနဲ့ မောင်ကာယတို့ရဲ့ စွမ်းဆောင်ချက်တွေကြောင့် ပုရွက်ဆိတ်တိုင်းပြည်လေးဟာ အလွန်အေးချမ်းပြီး ဘယ်အန္တရာယ်ကိုမှ မကြောက်ရဘူးပေါ့။ ညီအစ်ကို ပုရွက်ဆိတ်နှစ်ကောင်ဟာ စည်းစည်းလုံးလုံးနေကြသတဲ့ကွယ်။

တစ်နေ့မှာတော့ ပုရွက်ဆိတ်ခေါင်းဆောင်ကြီး သေသွားတဲ့အခါ ခေါင်းဆောင်နေရာမှာ တာဝန်ယူဖို့ ပုရွက်ဆိတ်အပေါင်းတို့ တိုင်ပင်ကြတာပေါ့။ ပုရွက်ဆိတ် မောင်ညဏနဲ့ မောင်ကာယဟာလဲ ကိုယ်စီအရည်အချင်းတွေရှိတော့ သူတို့နှစ်ယောက်အနက် ဘယ်သူ့ကို ခေါင်းဆောင်ထားရမယ်မှန်း ဝေခွဲမရဖြစ်နေသတဲ့။ နောက်ဆုံးတော့ ပုရွက်ဆိတ်ခေါင်းဆောင်ကြီးအုပ်ချုပ်တဲ့နေရာကို ညီအစ်ကိုနှစ်ယောက်ခွဲယူကြသတဲ့။ ပုရွက်ဆိတ်မောင်ညဏဘက်မှာတော့ မောင်ညဏကို လေးစားချစ်ခင်တဲ့ ပုရွက်ဆိတ်ကလေးတွေလိုက်နေသတဲ့။ ပုရွက်ဆိတ်မောင်ကာယဘက်မှာလဲ မောင်ကာယကို ချစ်ခင်အားကိုးတဲ့ ပုရွက်ဆိတ်လေးတွေ လိုက်နေကြသတဲ့။ အဲဒီလိုခွဲခြားနေထိုင်ကြပြီးတဲ့နောက်မှာ ညီအစ်ကိုနှစ်ယောက် မတည့်သလို ပုရွက်ဆိတ်အပေါင်းတို့ဟာလဲ ချစ်ချစ်ခင်ခင်မရှိကြတော့ဘဲ လမ်းမှာတွေ့ရင်တောင် ရန်ဖြစ်ကြသတဲ့။



တစ်နေ့မှာတော့ ပုရွက်ဆိတ် မောင်ညဏရှိတဲ့နေရာကို နံကောင်ကြီး တစ်ကောင်ရောက်လာသတဲ့။ အဲဒီနံကောင်ကြီးဟာ ဓားတဲ့သို့ထက်လှတဲ့ လက်နှစ်ဖက်နဲ့ ပုရွက်ဆိတ်မောင်ညဏနေတဲ့နေရာကို ဖျက်ဆီးလိုက်တာပေါ့။ အဲဒီအပြင် နံကောင်ကြီးဟာ သူ့ခြေထောက်နှစ်ချောင်းနဲ့ ပုရွက်ဆိတ်အိမ်တွေကို ယက်ထုတ်သတဲ့။ ပုရွက်ဆိတ် မောင်ညဏလေးဟာ နံကောင်ကြီးကို ဘာမှပြန်မလုပ်နိုင်ဘဲ အသက်ဘေးမှ မနည်းလွတ်အောင် ပြေးရတာပေါ့ကွယ်။ ကျန်ပုရွက်ဆိတ်လေးတွေကတော့ ခြေကျိုးသူကကျိုး၊ လက်ကျိုးသူကကျိုး၊ အသက်သေသူကသေကြသတဲ့။ အဲဒီအဖြစ်အပျက်ကို မောင်ကာယကြားတဲ့အခါ အလွန်ပျော်ရွှင်ရယ်မောပြီး ပုရွက်ဆိတ်အပေါင်းကို ပြောလိုက်သတဲ့-

"ဟား ဟား ဟား ခေါင်းဆောင်လုပ်ချင်တဲ့ မောင်ညဏ ခုတော့နေရာမရှိတော့ဘဲ ပြေးနေရပြီပေါ့။ ငါတို့နေရာကို မောင်ညဏလာရင် လက်မခံနဲ့ဟေ့"လို့ ပြောလိုက်သတဲ့။ သိပ်မကြာဘူး ပုရွက်ဆိတ်မောင်ကာယရှိတဲ့နေရာကို နံကောင်ကြီးရောက်လာပြီး ပုရွက်ဆိတ်အိမ်တွေကို ဖျက်ဆီးပြန်သတဲ့။ အဲဒီအချိန်မှာ မောင်ကာယဟာ သူ့ရဲ့ခန္ဓာကိုယ်ကို အားကိုးပြီး နံကောင်ကြီးခြေထောက်ကို ဝင်တိုက်သတဲ့ကွယ်။ နံကောင်ကြီးဟာမလဲဘဲ ခြေထောက်ကိုခုန်လိုက်တဲ့အခါ မောင်ကာယလေး လွင့်ထွက်သွားတာပေါ့ကွယ်။ ပုရွက်ဆိတ်တွေလဲ နံကောင်ကြီးအန္တရာယ်ကနေ လွတ်အောင်ပြေးကြရတာပေါ့။ အဲဒီလိုပြေးနေရင်း လမ်းမှာ ပုရွက်ဆိတ်မောင်ညဏနဲ့ မောင်ကာယတို့ တွေ့ကြတာပေါ့။ အဲဒီအချိန်မှာ မောင်ညဏက စကားစပြောသတဲ့-

"မောင်ကာယရေ. . . ငါတို့ဖခင်ခေါင်းဆောင်ကြီးထားခဲ့တဲ့နေရာလေးကို နံကောင်ကြီးဖျက်ဆီးလို့ ပျက်စီးသွားပြီ"လို့ ပြောတဲ့အခါ မောင်ကာယက-

"မောင်ညဏရေ ငါတို့ဖခင်ခေါင်းဆောင်ကြီးထားခဲ့တဲ့နေရာကို ရအောင်ဘယ်လိုပြန်ယူရမလဲ"လို့ အကြံတောင်းသတဲ့။ အဲဒီအခါ မောင်ညဏက-

"ငါတို့နှစ်ယောက် စည်းစည်းလုံးလုံးမနေခဲ့လို့ ငါတို့နေရာကို နံကောင်ကြီး ဖျက်ဆီးခဲ့တာ။ အခု စည်းစည်းလုံးလုံးနေကြရအောင် မောင်ကာယ။ မင်းဟာ ခန္ဓာကိုယ်ကြီးမားတယ်။ ဒါကြောင့် မင်းရဲ့အပေါင်းအပါတွေနဲ့ နံကောင်ကြီးခန္ဓာကိုယ်ပေါ်ကို တက်ပြီး ဝိုင်းကိုက်ပြီးသတ်ကြ"လို့ ပြောသတဲ့။

မောင်ကာယက နံကောင်ကြီးခန္ဓာကိုယ်ပေါ် တက်လို့မရကြောင်းပြောတဲ့အခါ မောင်ညဏက- ငါနဲ့အပေါင်းအပါတွေဟာ နံကောင်ကြီးလဲကျအောင် တာဝန်ယူမယ်"လို့ ပြောသတဲ့။

အဲဒီနောက်မှာတော့ မောင်ညဏဟာ နံကောင်ကြီးလာမဲ့လမ်းမှာ အပေါင်းအပါတွေနဲ့ တွင်းနက်နက်ကြီးလုပ်ပြီး အိမ်ပုံသဏ္ဍာန်လုပ်ကြသတဲ့။ နံကောင်ကြီးကလဲ ပုရွက်ဆိတ်အိမ်ထင်ပြီး ခြေထောက်နှစ်ဖက်နဲ့ ယက်ဖို့ ခုန်လိုက်တဲ့အခါ တွင်းထဲကျသွားတာပေါ့။ အဲဒီအချိန် အားကောင်းတဲ့ ပုရွက်ဆိတ်မောင်ကာယတို့အပေါင်းအပါတွေဟာ နံကောင်ကြီးခန္ဓာကိုယ်ပေါ်ကို အလွယ်တကူတက်ပြီး ဝိုင်းကိုက်တာပေါ့။ ပုရွက်ဆိတ်တွေဟာ စုစုစည်းစည်းနဲ့ ဝိုင်းကိုက်ကြတော့ နောက်ဆုံးမှာ နံကောင်ကြီးသေသွားသတဲ့။ ပုရွက်ဆိတ်မောင်ညဏနဲ့ မောင်ကာယတို့ဟာ အဲဒီအဖြစ်အပျက်လေးကို သင်ခန်းစာယူပြီး ပုရွက်ဆိတ်ဖခင်ခေါင်းဆောင်ကြီးထားခဲ့တဲ့နေရာကို စည်းစည်းလုံးလုံးနဲ့ အတူတကွ အုပ်ချုပ်ပြီးနေကြသတဲ့။ ပုံပြင်လေးက ဒါပါပဲ သားသား၊ မီးမီးတို့ရေ။

စည်းလုံးညီညာ အောင်ကြောင်းဖြာ ပုံပြင်ထဲကလိုပဲ မိသားစုမှာ စည်းစည်းလုံးလုံးမရှိဘဲ စိတ်ဝမ်းကွဲမယ်ဆိုရင် နံကောင်ကြီး ပုရွက်ဆိတ်နေရာကို လွယ်လွယ်ကူကူဖျက်ဆီးသလို ခံရမယ်ကလေးတို့ရေ။ ပုရွက်ဆိတ် မောင်ညဏနဲ့ မောင်ကာယတို့ စည်းစည်းလုံးလုံးနဲ့ နံကောင်ကြီးကို အနိုင်ယူသလို သားသား၊မီးမီးတို့ကလဲ ညီအစ်ကိုမောင်နှမတွေ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ မိဘအမွေတွေကို မဆုံးရှုံးရလေအောင် စောင့်ရှောက်ကြပါလို့ ဆန္ဒပြုလိုက်ပါတယ်ကွယ်။

**မောင်ပုည (ဟသ်ာတမြေ)**

## ရွှေကျီးလည်းသာ ငှက်လည်းလာ

♦ ရွှေကျီးညိုလေး မြည်သံသာ
မန်ကျည်းပင်ပေါ်မှာ။

♦ အ အာ အ အာ မြည်သံပေး
ငှက်သည်ခေါ်သံလေး။

♦ တည်ခင်းကျွေးဖို့ မုန့်ဝယ်မည်
ငှက်သည်လာနေပြီ။

♦ ရေကြည်တစ်ခွက် သောက်ရင်းနား
အမောပြေစေသား။ ။

**ကျော်မင်း (ပုဂံမြေ)**





## အရှက်ဦး နေ့သစ်နံနက်


♦ မော်ဒယ်လို ရှိုးပြပွဲ
ရိုးမထဲ အလှဆင်။

♦ တောင်ပေါ်မြေ အမြင့်ပိုင်းမှာ
နေကြာရိုင်းပင်။

♦ ဝါရောင်ယှက် ညွန့်ညောက်ဝေလွင်
ရှမ်းကုန်းပြင် ရွှေရည်ဖြန့်ကြက်။

♦ လင်းအရုဏ် ရောင်နီလှစ်
နေ့သစ်နံနက်။ ။

**ကျော်ဇေယျ (အင်းစိန်)**




ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား
MALTA FRESH
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြို့က်မက်မောစွာ အသုံးပြုနေသော
(ASEAN-OSHNET AWARD) တွင်
BEST Practices Award
ရရှိခဲ့သည့် ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
Lemon Tea
ရွှေဖီဦး
ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အိုမီခရွန် (omicron) အပါအဝင် ကိုဗစ် -၁၉ မျိုးဗီဇပြောင်း
ရောဂါပိုးများကို သတိပြုကာ မိမိကဝ၍ ကာကွယ်ပါ
ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက် ခံယူပါ၊
ကိုဗစ် - ၁၉ ရောဂါကို မိမိကဝ၍ ဆက်လက်ကာကွယ်ပါ
ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံမှုပြုခြင်းနှင့်
ကာကွယ်ရေးနည်းလမ်းများကို လိုက်နာခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများ -
ကိုယ့်ကိုကိုယ် ကာကွယ်နိုင်ခြင်း
အခြားသူများကို ကာကွယ်နိုင်ခြင်း
အိုမီခရွန်အပါအဝင် မျိုးဗီဇပြောင်းပိုးများ ကူးစက်မှုမှ ကာကွယ်နိုင်ခြင်း
ရောဂါကူးစက်မှု ကွင်းဆက်ကို ဖြတ်တောက်နိုင်ခြင်း
ကျန်းမာရေးဝန်ဆောင်မှုများ၏ အလုပ်ဝန်ထုပ်ဝန်ပိုးကို လျော့ချနိုင်ခြင်း
"ကိုဗစ် - ၁၉ ရပ်တန့်ဖို့ ရောဂါကာကွယ်ရေးနည်းလမ်းများကို
အားလုံးဆက်လက်လိုက်နာလို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"


ဆေးလိပ်ဖြတ်ရင် ဘာအကျိုးကျေးဇူးတွေရမလဲ
ဆေးလိပ်/ဆေးရွက်ကြီးသုံးစွဲမှုကြောင့် အသက်ရှူလမ်းကြောင်းရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ ခြေပုပ်လက်ပုပ်ရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိကွယ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ကင်ဆာရောဂါ အမျိုးမျိုးတို့ဖြစ်ပွား၍ လူသက်တမ်းစေ့မနေရဘဲ စောစီးစွာ သေဆုံးနိုင်ပါသည်၊
ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းသည် ဆေးလိပ်လောင်ကျွမ်းရာမှ ထွက်လာသောအဆိပ်ငွေ့များနှင့် ဆေးလိပ်သောက်သုံးသူမှ ရှူထုတ်လိုက်သော အငွေ့များကို ပါအစီခံ (Filter) မပါဘဲတိုက်ရိုက်ရှူရှိုက်မိသောကြောင့် ဆေးလိပ်သောက်သူနှင့် အတူနေသူများတွင် ပို၍အန္တရာယ်ကြီးမားပါသည်၊
DANGER!
တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများတွင် အထက်ဖော်ပြပါ ရောဂါအမျိုးမျိုးတို့ အပြင် ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေး မွေးဖွားခြင်းတို့ ဖြစ်နိုင်ပြီး ကလေးများတွင် မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်း၊ နားရောဂါဖြစ်ပွားခြင်း၊ မကြာခဏ နေမကောင်းဖြစ်ခြင်း၊ အဆုတ်ကြီးထွားဖွံ့ဖြိုးမှုကို ထိခိုက်ခြင်းနှင့် ပန်းနာရင်ကျပ်ရောဂါခံစားရခြင်း စသည်တို့ကို ဖြစ်ပွားစေပါသည်၊
ဆေးလိပ်သောက်တာကို ရပ်လိုက်ပြီဆိုရင် မိနစ်(၂၀)အတွင်း နှလုံးခုန်နှုန်းမြန်တာတွေ၊ သွေးပေါင်ချိန် တက်နေတာတွေ လျော့ကျသွားပါမယ်၊
နောက်ထပ်(၁၂)နာရီအကြာမှာတော့ အဆိပ်ငွေ့တွေဖြစ်တဲ့ ကာဗွန်မိုနောက်ဆိုဒ် (Carbon monoxide) တွေ သွေးတွင်းမှာပါဝင်မှုလျော့ကျပြီး အောက်ဆီဂျင် ပမာဏ ပြန်တက်လာပါမယ်၊
နောက်ထပ်(၂)ပတ်ကနေ (၁၂)ပတ်အတွင်းမှာ ခန္ဓာကိုယ်တွင်း သွေးလှည့်ပတ်မှုစနစ်နဲ့ အသက်ရှူလမ်းကြောင်းစနစ်တို့ သိသိသာသာ ကောင်းမွန်လာပါမယ်၊
ဆေးလိပ်သောက်သူတွေဟာ မသောက်သူတွေထက် အဆုတ်ကင်ဆာဖြစ်ပွားနိုင်ခြေ (၂၂)ဆပိုများကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားပါတယ်၊

❖ ကျွန်တော်တို့ ညီညွတ်ရင်၊ ကြိုးစားရင် ကျွန်တော်တို့နိုင်ငံဟာ ဒေသတွင်းမှသည် ကမ္ဘာ့ထိပ်တန်းနိုင်ငံအထိ မလွဲကေန်ရောက်ရှိမှာဖြစ်ပါတယ်။ ၇၅ နှစ်တာကာလအတွင်း အခက်အခဲပေါင်းများစွာကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ခဲ့မှုအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။ ၇၅ နှစ်မှသည် နှစ် ရာ၊ထောင်မက ကမ္ဘာတည်သရွေ့ နိုင်ငံတော်ကြီးဝင့်ကြွားစွာ ထာဝရတည်တံ့နေဖို့ ကျွန်တော်တို့အားလုံး နိုင်ငံချစ်စိတ်၊မြန်မာစိတ်နဲ့ ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းလိုပါတယ်။

"ကမ္ဘာတည်သရွေ့၊ မြန်မာတည်ရှိရပါမယ်"

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ရက် (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား အငယ်စား အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးဆက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ဗထူးတပ်မြို့ရှိ တပ်မတော်ဆေးရုံ၊ တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းနှင့် တပ်နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့လိုက်ပါ၍

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တိရစ္ဆာန်မွေးမြူရေးနှင့် လေ့ကျင့်ရေးတပ်ရင်းရှိ စံပြစိုက်ပျိုးမွေးမြူရေးခြံမှ ထွက်ရှိသည့် ရာသီသီးနှံများကို ကြည့်ရှုစစ်ဆေးစဉ်။**

